အတွဲ (၆)၊ အမှတ် (၃၀)

ဩဂုတ် (၁၀)ရက် (ကြာသပတေး)၊ ၂၀၁၇ ခုနှစ်

www.facebook.com/themyawadydaily

SPORTS VIEW JOURNAL

# အားကစားအမြင် ဂျာနယ်

## စိန်ခေါ်မှုသစ်၊ မျှော်လင့်ချက်သစ်နဲ့ ပရီးမီးယားလိဂ်ရာသီသစ် စတင်ပြီ




www.facebook.com/themyawadydaily
www.myawady.com

နို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
နို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
နို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
နို့အရေး

# ကော်တွိုက်စ်မှာ ပင်နယ်တီကန်ရန် အကောင်းဆုံးများထဲတွင် ပါဝင်သည်ဟုဆိုကာ သူ၏ရွေးချယ်မှုကို ကွန်တီ ကာကွယ်

## မိုရာတာအနေဖြင့် တိုးတက်ရန် လိုအပ်နေသေးသည်ဟုလည်း သုံးသပ်



အာဆင်နယ်နှင့်ယှဉ်ပြိုင်ခဲ့သော ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ဂိုးသမား ကော်တွိုက်စ်အား ပင်နယ်တီကန်သွင်းရန်ခွင့်ပြုပေးခဲ့သည့် ဆုံးဖြတ်ချက်အပေါ် ချဲလ်ဆီးနည်းပြကွန်တီက ကာကွယ်ပြောဆိုသည်။ ချဲလ်ဆီးနှင့်အာဆင်နယ်တို့သည် မိနစ် ၉၀ အတွင်း ၁ ဂိုးစီသရေကျနေရာ ပင်နယ်တီအဆုံးအဖြတ်ခံယူရာ၌ ကော်တွိုက်စ်နှင့်မိုရာတာတို့၏ကန်ချက်များလွဲချော်ခဲ့ပြီး ချဲလ်ဆီးရှုံးနိမ့်ခဲ့ရသည်။ "ကော်တွိုက်စ်က ပင်နယ်တီကန်သွင်းဖို့အတွက်အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲမှာပဲဖြစ်ဖြစ်၊ လေ့ကျင့်ရေးမှာအကောင်းဆုံး ကန်ပြနိုင်တဲ့ ဘယ်လိုကစားသမားကိုပဲဖြစ်ဖြစ် ပင်နယ်တီကန်သွင်းဖို့ ရွေးချယ်မှာဖြစ်ပါတယ်။ ဒီပွဲက၂ သင်းလုံးအတွက်ခက်ခဲတဲ့ပွဲပါ။ ဒီပွဲမှာ အနိုင်ရဖို့နဲ့ ကာယပိုင်းတိုးတက်လာအောင် ကျွန်တော်တို့ကြိုးစားခဲ့ပါတယ်။ ပရီးမီးယားလိဂ်အဖွင့်ပွဲကစားဖို့ ၆ ရက်သာလိုပါတော့တယ်။ အရေးကြီးတာက ဆက်ကြိုးစားပြီး တိုးတက်နေဖို့ပါပဲ"ဟု ကွန်တီကပြောဆိုခဲ့သည်။ ချဲလ်ဆီးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသော တိုက်စစ်မှူးမိုရာတာ၏ပင်နယ်တီကန်ချက်မှာ ဘေးထွက်သွားခဲ့သည်။ မိုရာတာအနေဖြင့်ယခုထက်တိုးတက်ရန်လိုအပ်နေသေးသည်ဟုလည်း ကွန်တီကပြောဆိုသည်။ "မိုရာတာအနေနဲ့အလုပ်ကြိုးစားဖို့ လိုအပ်နေပါတယ်။ ဒါက အထူးအဆန်းတော့မဟုတ်ပါဘူး။ သူကကျွန်တော်တို့အသင်းနဲ့လေ့ကျင့်ရတာတစ်ပတ်ပဲရှိပါသေးတယ်။ သူ့အနေနဲ့ကာယပိုင်းကြံ့ခိုင်မှုကောင်းမွန်နေဖို့နဲ့ ကျွန်တော်တို့ရဲ့ကစားဟန်ကိုနားလည်ဖို့ပဲအရေးကြီးပါတယ်။ သူ့အနေနဲ့အချိန်လိုပါသေးတယ်"ဟု ကွန်တီက ဆက်လက်ပြောဆိုသည်။ ချဲလ်ဆီးသည် ပြီးခဲ့သည့်ရာသီအဆုံးတွင် အက်ဖ်ေအဖလားဗိုလ်လုပွဲ၌ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရသလို ကွန်မြူနတီဒိုင်းပွဲတွင်လည်းထပ်မံအရေးနိမ့်ခဲ့ရသည်။

●

# ယုံကြည်မှုများမြင့်တက်စေဟု အာစင်ဝင်းဂါး ယုံကြည်



အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ချဲလ်ဆီးနှင့် ယှဉ်ပြိုင်ခဲ့သော နောက်ဆုံး ၄ ပွဲတွင် ၃ ပွဲအထိအနိုင်ရခဲ့ခြင်းက ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်မည့်မိမိတို့အသင်း၏ယုံကြည်မှုကို မြင့်တက်စေသည်ဟု ဖွင့်ဟသည်။ "ပြီးခဲ့တဲ့ရာသီတုန်းက ကျွန်တော်တို့ဟာ သူတို့နဲ့အမှတ်အများကြီးကွာခဲ့တယ်။ ဒီနေ့ပွဲနဲ့ အက်ဖ်ေအဖလားဗိုလ်လုပွဲမှာတော့ကျွန်တော်တို့ဟာသူတို့နဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိတာကို ပြသနိုင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ရဲ့ ယုံကြည်မှုကို မြင့်တက်စေမှာပါ"ဟု ဝင်းဂါးက ဆိုသည်။ အဆိုပါပွဲကို လွဲချော်ခဲ့သော ကွင်းလယ်လူအိုဇေးလ်၊ ရမ်ဆေးနှင့်တိုက်စစ်မှူးဆန်းချက်ဇ်တို့မှာ လက်စတာနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိသည်ဟု သိရသည်။ အထူးသဖြင့် ဒဏ်ရာများရရှိထားသော အိုဇေးလ်နှင့်ရမ်ဆေးတို့ မပါဝင်နိုင်ရန် သေချာသလောက်ရှိသည်ဟု ဝင်းဂါးက ပြောဆိုခဲ့သည်။

# ပီအက်စ်ဂျီတွင်သာ ဗာရက်တီဆက်ရှိနေမည်

ဘာစီလိုနာအသင်းထံမှ ဆက်သွယ်ကမ်းလှမ်းမှုများရှိနေသော်လည်း ပီအက်စ်ဂျီအသင်းတွင်သာ ဆက်ရှိနေတော့မည်ဖြစ်သည်ဟု အီတလီကွင်းလယ်ကစားသမား မာကိုဗာရက်တီက ပြောဆိုသည်။ ဗာရက်တီသည် ပြီးခဲ့သည့်ဇူလိုင်လထဲတွင် ဘာစီလိုနာအသင်းထံမှ ဆက်သွယ်ကမ်းလှမ်းမှုများကို လက်ခံရရှိခဲ့ပြီး စကားပြောဆိုဆွေးနွေးမှုများလည်းရှိခဲ့သည်။ သို့သော် ပီအက်စ်ဂျီအသင်းသည် ၎င်းကို ဆက်ထိန်းထားရန်ဆန္ဒရှိနေသလို ကစားသမားကိုယ်တိုင်ကလည်း ပဲရစ်တွင်သာ ပျော်ရွှင်နေသည်ဟု ဖွင့်ဟခဲ့သည်။ ဘာစီလိုနာအသင်းသည် နေမာ၏နေရာ၌ အစားထိုးရန်လူသစ်ရှာဖွေနေသည်။

# ဒေါ့မွန်တွင်ဆက်နေမည်ဟုအော်ဘာမီးယန်းဖွင့်ဟ

ဒေါ့မွန်တိုက်စစ်မှူးအော်ဘာမီးယန်းက ၎င်းအနေဖြင့်တရုတ်ကလပ်အသင်းများစွာ၏ ကမ်းလှမ်းမှုများကို ရရှိထားသော်လည်း လက်ရှိအသင်းတွင်သာ ဆက်နေသွားမည်ဟု ပြောဆိုသွားခဲ့သည်။ အသက် ၂၈ နှစ်အရွယ် အဆိုပါကစားသမားသည် ပြီးခဲ့သည့်ရာသီတွင် ဒေါ့မွန်အတွက် ဂိုး ၄၀ သွင်းယူပေးခဲ့သူဖြစ်သည်။ သူသည်အပြောင်းအရွှေ့ရာသီအစောပိုင်းတွင်အသင်းပြောင်းရန်အသင့်ရှိနေသည်ဟု ပြောဆိုခဲ့သူဖြစ်သော်လည်း ၎င်းကို စိတ်ဝင်စားသည် ဆိုသောအေစီမီလန်၊ ချဲလ်ဆီးနှင့်လီဗာပူးတို့၏ လက်တွေ့ကမ်းလှမ်းမှုကို မခံရသည့်နောက် ဒေါ့မွန်တွင်သာ ဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ကျော်ကျော်လင်းအောင် |
| စာတည်းမှူး | - | ငြိမ်းချမ်းဦး |
| တာဝန်ခံစာတည်း | - | ကျော်ဇင်ထွန်း |
| စာပြင် | - | ဖြိုးမောင်လှ |
| မျက်နှာဖုံးဒီဇိုင်း | - | မိုးဇက် |
| အတွင်းဒီဇိုင်း | - | ဇေယျာကျော်၊ သန့်ဇင် |
| ထုတ်ဝေသူ | - | ဦးကျော်ကျော်ဦး (၀၀၈၁၂) |
| ပုံနှိပ် | - | မြဝတီစာပေတိုက် (၀၀၆၅၆) |
| ရုံးနှင့်ဆက်သွယ်ရန် | - | အမှတ်(၁၅)၊ တပ်ဖြေ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက် ဘောက်ထော်၊ ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ဖုန်း | - | ၀၉ ၂၅၄၀၇၂၉၉၇(စာတည်း) ၀၉ ၃၂၄၉၇၂၄(ဖြန့်ချိရေး) |

# ပိုမိ၏စံချိန်ကို မက်ဆီ၊ ရော်နယ်ဒိုတို့သာ ချိုးဖျက်နိုင်ဟု ရွန်နီသုံးသပ်



အဲဗာတန်တိုက်စစ်မှူး ရွန်နီက အိုးလ်ထရက်ဖို့ဒ်တွင် ၎င်းတင်ထားခဲ့သည့်ဂိုးသွင်းစံချိန်ကိုမက်ဆီ(သို့မဟုတ်)ရော်နယ်ဒို မန်ယူသို့ ရောက်လာမှသာ ချိုးဖျက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖွင့်ဟခဲ့သည်။ အဆိုပါအင်္ဂလန်တိုက်စစ်မှူးသည် ပြီးခဲ့သည့်လတွင် မန်ယူနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အသင်းဟောင်းအဲဗာတန်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည်မန်ယူအသင်းတွင်ရှိစဉ်က ဘော်ဘီချာလ်တန်၏စံချိန်ဟောင်းကို ၄ ဂိုးအသာ (၂၅၃ဂိုး)ဖြင့် ချိုးဖျက်ထားနိုင်သူလည်းဖြစ်သည်။ " တကယ်လို့ သူတို့အနေနဲ့ မက်ဆီ၊ ဒါမှမဟုတ် ရော်နယ်ဒိုလိုအဆင့်အတန်းရှိတဲ့ကစားသမားကို ခေါ်နိုင်ခဲ့မယ်ဆိုရင်တော့ ကျွန်တော်ရဲ့စံချိန်ချိုးဖျက်ခံရနိုင်တယ်။ ဒါပေမဲ့ကျွန်တော့်အမြင်အရတော့ဒီနေ့ခေတ်ဘောလုံးသမားတော်တော်များများဟာ အသင်းတစ်သင်းထဲမှာ ကြာရှည်မနေတတ်ကြဘူး။ ကျွန်တော့်စံချိန်ကို ချိုးဖျက်နိုင်ဖို့မြင်မိတဲ့တစ်ခုတည်းသောနည်းလမ်းကတော့ ကျွန်တော်လုပ်ခဲ့သလိုပဲ အသင်းမှာ ကြာရှည်နေတဲ့သူမှလုပ်နိုင်မှာပါ" ဟု ရွန်နီက ပြောဆိုခဲ့သည်။

# နောက်ဆုံးရသတင်းတိုများ

● အေစီမီလန်အားကစားဒါရိုက်တာမက်ဆီမိုမီရာဘယ်လီက တိုက်စစ်မှူးဟောင်းအီဘရာဟီမိုဗစ်ချ် အနေဖြင့် အသင်းသို့ ပြန်လာနိုင်ခြေရှိနေပြီး ၎င်းအတွက် တံခါးဖွင့်ထားသည်ဟု ပြောဆိုခဲ့သည်။

● နယ်သာလန်ဝါရင့်ကွင်းလယ်လူရှုနိုက်ဒါသည် ပြင်သစ်ကလပ်နိုက်စ်သို့ ပြောင်းရွှေ့တော့မည်ဖြစ်ပြီး စာချုပ်လက်မှတ်ရေးထိုးရန်သာ ကျန်ရှိတော့သည်ဟု သိရသည်။

● အသင်း၏လက်ရှိအခြေအနေမှာ ကောင်းမွန်နေသော်လည်း အပြောင်းအရွှေ့ကာလ မပိတ်မီတွင် ကစားသမားသစ်များ ခေါ်ယူဦးမည်ဟုလီဗာပူးနည်းပြကလော့ကဆိုသည်။

www.facebook.com/themyawadydaily

## ပေးစာကဏ္ဍ

**အယ်ဒီတာခင်ဗျား-**

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားတွေအကြောင်း ဖော်ပြပေးပါခင်ဗျား။

**ကိုမြတ်(တာမွေ)**

➤ **ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံးသွင်းယူထားနိုင်သူကတော့ ဘလက်ဘန်းနဲ့နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားဖြစ်ပြီး ဂိုး ၂၆၀ နဲ့စံချိန်တင်ထားပါတယ်။ အလန်ရှီးယားနောက်မှာ အဲဗာတန်နဲ့မန်ယူတိုက်စစ်မှူးဟောင်းရွန်နီက သွင်းဂိုး ၁၉၈ ဂိုးနဲ့အတူ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အင်ဒီကိုးလ်( ၁၈၇ ဂိုး)၊ လမ်းပတ်( ၁၇၇ ဂိုး)တို့က နောက်မှာ အစဉ်လိုက်ရပ်တည်နေပါတယ်။**

(Sports View ဂျာနယ်သို့ အကြံပေးချက်များ၊ သိရှိမေးမြန်းလိုသည်များရှိပါက sportsviewjournal@gmail.com သို့ Email မှတစ်ဆင့်လည်းပေးပို့နိုင်ပါသည်)

## လက်စတာအတွက်ပွဲဦးထွက်တွင် အီဟီနာချိုဒဏ်ရာရရကာ ရာသီအစပွဲများကိုလွဲချော်ရှိ



လက်စတာအသင်းသည် မိုချင်ဂလက်ဘတ်နှင့်ခြေစမ်းပွဲတွင် တိုက်စစ်မှူးဗာဒီ၏သွင်းဂိုးနှစ်ဂိုးဖြင့်နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ခေါ်ယူထားသည်မှာ ရက်ပိုင်းပင်ရှိသေးသောပေါင် ၂၅သန်းတန်တိုက်စစ်မှူးသစ်အီဟီနာချိုဒဏ်ရာရရှိသွားသည့်အတွက် နစ်နာစရာဖြစ်ခဲ့ရသည်ဟု သိရသည်။ အီဟီနာချိုသည်မန်စီးတီးမှ ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ထိုပွဲတွင်လက်စတာအတွက်ပွဲဦးထွက်အဖြစ်ပါဝင်ကစားခဲ့သော်လည်း ပြိုင်ဘက်ကွင်းလယ်လူလက်စ်ဇလိုဘီနက်စ်နှင့် ထိခိုက်မိကာ ဒဏ်ရာရသွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်အီဟီနာချိုမှာ လက်စတာအသင်း၏ ပရီးမီးယားလိဂ်ရာသီအစပွဲများတွင် ပါဝင်နိုင်ရန် မသေချာမှုများရှိခဲ့ပြီး အသင်းအတွက် နစ်နာစရာဖြစ်ခဲ့သည်။

## ဘွန်ဒက်စ်လီဂါဖလားကာကွယ်ရေးအတွက် အဆင်သင့်ရှိနေမည်ဖြစ်ပြီး အသင်းအခြေအနေအတွက်စိုးရိမ်ရန်မလိုအပ်ဟု အန်ဆယ်လော့တီဖွင့်ဟ

## ဦးဆောင်နိုင်ခဲ့ပြီးမှ အရေးနိမ့်ရသဖြင့် ဒေါ့မွန်နည်းပြ စိတ်ပျက်နေ



ဘွန်ဒက်စ်လီဂါချန်ပီယံဆုကိုကာကွယ်ရေးအတွက် ဘိုင်ယန်မြူးနစ်အနေဖြင့် အဆင်သင့်အနေအထားတွင်ရှိနေမည်ဖြစ်ကြောင်း၊ အသင်း၏အခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်ရန်မလိုအပ်ကြောင်း ဘိုင်ယန်မြူးနစ်နည်းပြ အန်ဆယ်လော့တီက ပြောဆိုသည်။ ဘိုင်ယန်မြူးနစ်သည် ရာသီကြိုခြေစမ်းပွဲများတွင်လီဗာပူး၊ အင်တာမီလန်၊ နာပိုလီတို့ကိုရှုံးနိမ့်ခဲ့ရသလို ဂျာမနီစူပါဖလားပွဲစဉ်တွင်လည်း ဒေါ့မွန်အသင်းကို ပုံမှန်ပွဲချိန်အတွင်း ၂-၂ ဂိုးရလဒ်သာကစားနိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည်။ "ဘွန်ဒက်စ်လီဂါချန်ပီယံဆုက အရေးကြီးတယ်ဆိုတာမှန်ပါတယ်။ အသင်းအတွက်ကျွန်တော်ကျေနပ်ပါတယ်။ အာရုံစူးစိုက်မှုအပြည့်နဲ့ကစားခဲ့လို့ပါ။ ကျွန်တော်တို့ရဲ့ရာသီကြိုခရီးစဉ်က မကောင်းခဲ့ပါဘူး။ ဒါပေမဲ့ စိုးရိမ်စရာလည်းမလိုပါဘူး။ ရာသီစပြီဆိုတာနဲ့ ကျွန်တော်တို့ အဆင်သင့်ဖြစ်နေမှာပါ" ဟုအန်ဆယ်လော့တီက ပြောဆိုသွားခဲ့သည်။ တစ်ဆက်တည်းမှာပင် ဒေါ့မွန်အသင်းနည်းပြ ပီတာဘော့ချ်ကဘိုင်ယန်အသင်းအား ၃ကြိမ်တိုင်ဦးဆောင်နိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ရသဖြင့် စိတ်ပျက်ရကြောင်း ပြောဆိုသည်။ ဒေါ့မွန်သည် ပွဲချိန်အတွင်းဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ၂ ဂိုးစီသရေကျအပြီး ပင်နယ်တီသွင်းယူရာ၌လည်းထပ်မံဦးဆောင်နိုင်ခဲ့သည်။ သို့သော်ဘာထရာနှင့်ရိုဒီတို့ ပင်နယ်တီလွဲခဲ့သဖြင့်ရှုံးနိမ့်ခဲ့သည်။ "ဒီရလဒ်နဲ့ပတ်သက်ပြီး ကျွန်တော်မကျေနပ်နိုင်ဘူး။ ပွဲပြီးဖို့ ၂ မိနစ်အလိုကတည်းက ကျွန်တော်တို့အနိုင်ရသင့်ခဲ့တယ်။ အဲဒီလိုမျိုး မလုပ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ ၃ ကြိမ်တောင် ဦးဆောင်နိုင်ခဲ့တယ်။ အဆုံးမှာတော့ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်" ဟုပီတာဘော့ချ်ကဆိုခဲ့သည်။

### ဒမ်ဘီလီကိုခေါ်ယူလိုပါက ပေါင်သန်း ၁၀၀ ပေးအပ်ရမည်ဖြစ်

ဘာစီလိုနာအနေဖြင့် တိုက်စစ်မှူးဒမ်ဘီလီကိုခေါ်ယူလိုပါက ပေါင်သန်း ၁၀၀ ထက်မနည်း ပေးချေရမည်ဟု ဒေါ့မွန်အမှုဆောင်အရာရှိချုပ်ဝက်ဇ်ကီကပြောဆိုသည်။ ဘာစီလိုနာသည် နေမာကို ပီအက်စ်ဂျီအသင်းသို့ ရောင်းချလိုက်ပြီးနောက် ဒမ်ဘီလီကို ခေါ်ယူရန်အတွက် ကြိုးစားနေသည်။ "ပေါင်သန်း ၁၀၀ ဆိုရင် မလုံလောက်ပါဘူး။ ဒီဘရိုင်နီကို ကျွန်တော်အမှတ်ရနေသေးတယ်။ သူဟာ ဘွန်ဒက်စ်လီဂါရဲ့ အပြောင်းအရွှေ့ကိုစံချိန်တင်နိုင်ခဲ့သူပါ။ ဒါပေမဲ့ သူ့ကိုဆုံးရှုံးလိုက်တဲ့အသင်းမှာလည်းပဲ အရည်အသွေးတွေ ဆုံးရှုံးသွားရတယ်" ဟု ဝက်ဇ်ကီက ပြောဆိုသည်။



## ဘာစီလိုနာပစ်မှတ်ဟာဇက်မှာ ချဲလ်ဆီးတွင် ပျော်ရွှင်နေသည်ဟု ကွန်တီပြောကြား

## အမှန်တကယ်ကမ်းလှမ်းပါကလည်း တားဆီးရန်စွမ်းအား မိမိတွင်မရှိဟုဝန်ခံ

ချဲလ်ဆီးနည်းပြကွန်တီက အဓိကကွင်းလယ်လူအီဒင်ဟာဇက်ကို ဘာစီလိုနာအသင်းမှ ခေါ်ယူရန်ကြိုးစားခဲ့ပါက မိမိအနေဖြင့်တားဆီးနိုင်ရန်ပါဝါမရှိဟု ဝန်ခံပြောကြားသည်။ ဟာဇက်သည် နေမာကိုဆုံးရှုံးလိုက်ရသော ဘာစီလိုနာအသင်း၏စိတ်ဝင်စားမှုခံနေရသလို ရီးရဲလ်နှင့်ပီအက်စ်ဂျီအသင်းတို့၏ စောင့်ကြည့်မှုကိုလည်းခံနေရသူဖြစ်သည်။ ကွန်တီက စတမ်းဖို့ဒ်ဘရစ်ချ်တွင် ဟာဇက်ပျော်ရွှင်နေသည်ဟု အခိုင်အမာပြောဆိုခဲ့သလို ၎င်းကို တခြားကလပ်များမှကမ်းလှမ်းခဲ့ပါက တားဆီးခွင့်မရှိကြောင်းလည်းဖွင့်ဟခဲ့သည်။ ကွန်တီက "ကျွန်တော်ကနည်းပြတစ်ယောက်ဖြစ်ပြီး ကျွန်တော့်ရဲ့ ထင်မြင်ချက်ကိုပေးနိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကိုတော့ အသင်းကပဲချမှတ်ရတာပါ။ ဒီသတင်းတွေကကောလာဟလတွေလို့ကျွန်တော်ထင်ပါတယ်။ ဟာဇက်က အသင်းမှာကျွန်တော်တို့နဲ့အတူ ရှိနေရတာကိုပျော်နေတဲ့သူပါ။ ကျွန်တော်တို့ ကစားသမားသစ်တွေ ဝယ်ယူဖို့ကြိုးစားပေမယ့် အသင်းကကစားသမားတွေကို ထုတ်ရောင်းဖို့တော့ဆန္ဒမရှိပါဘူး"ဟု ဆိုခဲ့သည်။ ဟာဇက်သည် အာဆင်နယ်နှင့်ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့ချေ။



## SHORT NEWS

- အဲဗာတန်နည်းပြရော်နယ်ကိုးမန်းက လာမည့်ရာသီသစ်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန် အဓိကရည်ရွယ်ကစားသွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။
- အင်္ဂလန်ကလပ်ဘန်လေနှင့် ဂျာမနီကလပ်ဟန်နိုဗာအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ပရိသတ်များ ဆူပူအုံကြွမှုများကြောင့် ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းသည် ၎င်း၏ကစားပုံကို နားမလည်ကြောင်း နောက်ခံကစားသမားဟောင်း ဒန်နီအဲလ်ဗက်စ်က ဝေဖန်ပြောဆိုလိုက်သည်။
- မိုနာကိုအသင်းမှ မန်စီးတီးသို့ပြောင်းရွှေ့ရောက်ရှိလာသောကွင်းလယ်ကစားသမားဘာနာဒိုဆေးလ်ဗားက အသင်းဖော်ဟောင်းဘာပေနှင့်တွဲဖက်ကစားလိုသည်ဟု ဖွင့်ဟလိုက်သည်။

## လစာတစ်ရာခိုင်နှုန်းကို မာတာလှူဒါန်းမှုပြုလုပ်

မန်ယူကွင်းလယ်လူမာတာသည် ၎င်းရရှိသော လစာငွေများထဲမှ ၁ ရာခိုင်နှုန်းကို ပရဟိတရန်ပုံငွေအဖြစ် လှူဒါန်းလျက်ရှိပြီး အခြားပရော်ဖက်ရှင်နယ်ကစားသမားများကိုလည်း ထိုကဲ့သို့လှူဒါန်းမှုပြုလုပ်ရန် တိုက်တွန်းသွားခဲ့သည်။ အသက် ၂၉ နှစ်အရွယ်မာတာက "ဒီလိုလှူဒါန်းမှုမျိုးကို ကျွန်တော်ဦးဆောင်ပြီး လုပ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်းမလုပ်ချင်ပါဘူး"ဟု ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားခဲ့သည်။ အဆိုပါစပိန်ကွင်းလယ်လူသည် တစ်နှစ်လျှင် ပေါင် ၇ သန်းခန့်ရရှိနေကြောင်း သိရသည်။

## ပရီးမီးယားလိဂ်ကို အလေးထားမည်ဟု ဝင်းဂါးဆို

လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲထက် ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပိုမိုအလေးထားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြအာစင်ဝင်းဂါးကပြောဆိုသည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် အဆင့် ၅ နေရာသာ ရရှိခဲ့သည့်အတွက် အာစင်ဝင်းဂါးလက်ထက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ ယူရိုပါလိဂ်တွင် အားထားရသူအချို့ကို အနားပေးသွားမည်ဟု ဝင်းဂါးကဆိုခဲ့သည်။

## ဟာနန်ဒိုကို ဂါလာတာစာရေးအပြီးသတ်ခေါ်ယူ

တူရကီကလပ်ဂါလာတာစာရေးအသင်းသည် မန်စီးတီးကွင်းလယ်လူဟာနန်ဒိုကို ပြောင်းရွှေ့ကြေး ယူရို ၅ ဒသမ ၂၅ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်ဟုသိရသည်။ အဆိုပါတူရကီကလပ်သည်ဟာနန်ဒိုကို ပြီးခဲ့သည့်တစ်ပတ်တွင် တရားဝင်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး အပိုဆုကြေးငွေ ယူရို ၉၀၀၀၀၀ လည်း ပေးရဖွယ်ရှိသည်ဟုသိရသည်။ ဟာနန်ဒိုသည် ဂါလာတာစာရေးအသင်းနှင့် ၃ နှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး တစ်နှစ်လုပ်ခလစာယူရို ၃ ဒသမ ၃ သန်းရမည်ဖြစ်သည်။

## တစ်နှစ်တာအကောင်းဆုံးအသင်းတွင် နေမာမပါဝင်

ဘာစီလိုနာမှပီအက်စ်ဂျီသို့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရောက်ရှိသွားခဲ့သော တိုက်စစ်မှူးနေမာသည် ယူအီးအက်ဖ်အေ၏တစ်နှစ်တာအကောင်းဆုံးကစားသမားပဏ္ဏာမစာရင်းတွင် ပါဝင်လာခြင်းမရှိဟုသိရသည်။ ၂၀၁၆-၁၇ဘောလုံးရာသီဥရောပဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့်ရွေးချယ်သော အဆိုပါအကောင်းဆုံးဆု ပဏ္ဏာမစာရင်းတွင် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီနှင့်ရီးရဲလ်တိုက်စစ်မှူးရော်နယ်ဒိုတို့ ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ဂျူဗင်တပ်တိုက်စစ်မှူးဒိုင်ဘာလာ၊ ဂိုးသမားဘူဖွန်နှင့်နောက်ခံလူဘိုနူချီတို့လည်း ပါဝင်လာခဲ့သည်။ ယခုပဏ္ဏာမစာရင်းတွင် ချန်ပီယံလိဂ်သရဖူကို ၂ နှစ်ဆက်တိုက်ရရှိခဲ့သော ရီးရဲလ်အသင်းမှ ကစားသမားအများစုပါဝင်လာခဲ့သည်။



# အောင်မြင်မှုများစွာရရှိမည်ဟု မန်စီးတီးလူသစ်ဘာနာဒိုဆေးလ်ဗားယုံကြည်

## ရာသီကြိုကာလတွင်ပြသခဲ့သော ခြေစွမ်းအတိုင်း ပရီးမီးယားလိဂ်တွင်လည်း စွမ်းဆောင်ပြနိုင်ရန် လိုအပ်သည်ဟု ဂွါဒီယိုလာ တိုက်တွန်းပြောကြား



ရာသီကြိုကာလတွင် ပြသခဲ့သော ခြေစွမ်းအတိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်းကစားပြနိုင်ရန်လိုအပ်သည်ဟု မန်စီးတီးနည်းပြဂွါဒီယိုလာကအသင်းသားများကို တိုက်တွန်းပြောဆိုသည်။ မန်စီးတီးအသင်းသည်အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့်နိုင်ငံတကာချန်ပီယံများဖလားတွင် မန်ယူကို ၂-၀ ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်းရီးရဲလ်ကို ၄-၁ဂိုး၊ စပါးကို ၃-၀ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သော ဝက်စ်ဟမ်းနှင့်ခြေစမ်းပွဲတွင် ၃-၀ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီးနောက် ဂွါဒီယိုလာက ယခုလိုပြောဆိုခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ဟာ တကယ်ကောင်းမွန်တဲ့အသင်းလေးသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာမှာ ရလဒ်တွေ ကောင်းမွန်ခဲ့တယ်။ အခွင့်အရေးတွေ ပိုမိုဖန်တီးနိုင်ခဲ့သလို သူတို့ထက်ပိုကောင်းအောင်လည်း ကစားနိုင်ခဲ့တယ်။ ရလဒ်တွေအတွက်ကျွန်တော် အရမ်းကျေနပ်ပါတယ်။ ဒါပေမဲ့ တကယ့်ပြိုင်ပွဲက အခုမှစတင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဖိအားတွေအောက်မှာ အကောင်းဆုံးကစားနိုင်ဖို့လိုတယ်။ ဝက်စ်ဟမ်းလိုအသင်းတစ်သင်းနဲ့ပွဲမှာ အနိုင်ရခဲ့တာ ကောင်းမွန်တဲ့ရလဒ်ပါပဲ။ ကျွန်တော်တို့ ဒီပွဲမှာ ၃ ဂိုးသွင်းနိုင်ဖို့ လုံလောက်တဲ့ဖန်တီးမှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ ကစားသမားအားလုံးအဆင့်အတန်းမြင့်မြင့်ကစားနိုင်ခဲ့ပြီး ကျွန်တော်တို့ရဲ့တိုက်စစ်မှူးတွေလည်းဂိုးတွေ သွင်းနိုင်ခဲ့တယ်။ ဒဏ်ရာပြဿနာတွေလည်း မရှိခဲ့ပါဘူး။ ဒီအတွက်ကျွန်တော်ပျော်ပါတယ်" ဟု ဂွါဒီယိုလာကပြောဆိုသည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲမစမီ နောက်ဆုံးခြေစမ်းပွဲတွင်မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းကိုဂျီးဆပ်၊ အဂူရို၊ စတားလင်းတို့၏ ဂိုးများနှင့်အတူ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မန်စီးတီးကွင်းလယ်ကစားသမားသစ်ဘာနာဒိုဆေးလ်ဗားမှာ အဆိုပါပွဲတွင်ပါဝင်ကစားခဲ့ပြီး ကွင်းလယ်၌ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ "ကစားရတာ တကယ်ကောင်းပါတယ်။ ကျွန်တော်က မိနစ် ၃၀ ပဲကစားရပေမယ့်ကျေနပ်မိပါတယ်။ ကျွန်တော်တို့အောင်မြင်မှုတွေအများကြီးရမယ်လို့ မျှော်လင့်ထားပါတယ်" ဟု၎င်းက ဆိုခဲ့သည်။

## ပေါင်ဒဏ်ရာကြောင့် လီဗာပူးကွင်းလယ်လူ လယ်လာနာ ၂ လခန့် အနားယူရမည်

## ရာသီအစပွဲများကို လွဲချော်ရမည့်အတွက် လယ်လာနာ ခါးသီးစွာစိတ်ပျက်



လီဗာပူးကွင်းလယ်လူအဒမ်လယ်လာနာသည် ပေါင်ဒဏ်ရာခံစားခဲ့ရပြီးနောက် ၂ လခန့် အနားယူရတော့မည်ဖြစ်ကြောင်း လီဗာပူးနည်းပြဂျာဂင်ကလော့က အတည်ပြုပြောကြားခဲ့သည်။ အဆိုပါအင်္ဂလန်ကွင်းလယ်လူသည် ပြီးခဲ့သည့်ရာသီကလည်းတင်ပါးဒဏ်ရာကြောင့် ပွဲအတော်များများကို လွဲချော်ခဲ့ရသူဖြစ်ပြီး ယခုတွင်လည်း အက်သလက်တီကိုနှင့်ကစားခဲ့သည့်အော်ဒီဖလားပွဲ၌ဒဏ်ရာထပ်ရခဲ့ကာ ပရီးမီးယားလိဂ်ရာသီအစပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်သည်။ ထို့ပြင်ဟော့ဖန်ဟိမ်းနှင့်ကစားရမည့်ချန်ပီယံလိဂ်ပလေးအော့ဖ်အဆင့်ပွဲစဉ်ကိုလည်း လွဲချော်ရဖွယ်ရှိနေသည်။ နည်းပြဂျာဂင်ကလော့က "ကံမကောင်းတာပါပဲ။ အဒမ်လိုလူမျိုးက ဒဏ်ရာရသွားတာကြောင့် လအနည်းငယ်ကြာ အနားယူရတော့မှာပါ။ ကျွန်တော်တို့ထင်တာကတော့ ဩဂုတ်ကနေစက်တင်ဘာလအထိ သူ့ကိုဆုံးရှုံးရတော့မှာပါ။ ဒါပေမဲ့ သူ့ရဲ့ ဒဏ်ရာသက်သာလာရေးအတွက်တော့အနီးကပ်စောင့်ကြည့်သွားမှာပါ" ဟုဖွင့်ဟသည်။ ရာသီအစပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်သည့်အတွက် ခါးသီးစွာစိတ်ပျက်ရကြောင်း၊ အားပေးခဲ့သူများကိုကျေးဇူးတင်ကြောင်း လယ်လာနာက ပြောဆိုခဲ့သည်။

## SHORT NEWS

- ယခုဘောလုံးရာသီတွင် စီးရီးအေချန်ပီယံဆုအတွက်အသင်းပေါင်းငါးသင်း (သို့ မဟုတ်) ခြောက်သင်းခန့်ယှဉ်ပြိုင်ရဖွယ်ရှိနေသည်ဟု အင်တာမီလန်ကွင်းလယ်ကစားသမား ဂါဂလီယာဒီနီက သုံးသပ်သည်။ အင်တာမီလန်သည်ပြီးခဲ့သည့်ဘောလုံးရာသီတွင် အဆင့် ၇ နေရာသာ ရရှိခဲ့သည်။
- ဂျာမနီလက်ရွေးစင်ကစားသမားဟောင်းတစ်ဦးဖြစ်သူဘက်စတူဘာသည် ငယ်စဉ်ကစားသမားဘဝဖြတ်သန်းရာ စတုဂတ်အသင်းသို့ ဘိုင်ယန်မြူနစ်အသင်းမှ ပြန်လည်ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်သည်။
- ဝက်စ်ဟမ်းနည်းပြဆလာဗန်ဘီလစ်က မန်စီးတီးနှင့်ကစားခဲ့သောခြေစမ်းပွဲတွင် ၃-၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းအနေဖြင့်အမှားများကို ရပ်တန့်ပစ်ရမည်ဟု သတိပေးပြောဆိုလိုက်သည်။

www.facebook.com/themyawadydaily

## ဂရိုင်မန်းကို ဘာစီလိုနာအသင်း ခေါ်မည်မဟုတ်

တိုက်စစ်မှူးနေမာ၏နေရာတွင် အစားထိုးရန်အလို့ငှာ တိုက်စစ်သမားတစ်ဦးကို အလျင်အမြန်ရှာဖွေနေသော်လည်း ဘာစီလိုနာအသင်းသည် အက်သလက်တီကိုကစားသမားဂရိဇ်မန်းကို ခေါ်ယူမည်မဟုတ်ကြောင်းသိရသည်။ အက်သလက်တီကိုနှင့်ဂရိဇ်မန်းတို့အကြား စာချုပ်ပါလျှော်ကြေးအချက်အလက်သည် ယူရိုသန်း ၂၀၀ ရှိနေသည့်အတွက် ဘာစီလိုနာအသင်းက ခေါ်ယူနိုင်ဖွယ် မရှိပေ။ ထို့အပြင် အသင်းဥက္ကဋ္ဌဘာတိုမူကလည်း ဂရိဇ်မန်းကိုခေါ်ယူမည်မဟုတ်ကြောင်း အတည်ပြုပြောဆိုသည်။

## အကောင်းဆုံးတိုက်စစ်ဖြစ်လာမည်ဟုကယ်လီဂျွန်ဆို

နာပိုလီအသင်းသည် ယခုဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့ကဲ့သို့ ကမ္ဘာ့အကောင်းဆုံးသော တိုက်စစ်ပိုင်ဆိုင်သည့်အသင်းမျိုးဖြစ်လာနိုင်သည်ဟု တောင်ပံကစားသမားကယ်လီဂျွန်က ပြောဆိုသည်။ "နာပိုလီမှာကျွန်တော်အများကြီး တိုးတက်လာပါတယ်။ ဘောလုံးနဲ့ပတ်သက်ပြီးပြောရရင်တော့ကျွန်တော်အများကြီးတိုးတက်လာတယ်။ ဥရောပရဲ့ အကောင်းဆုံးရီးရဲလ်အသင်းလိုပဲ ကျွန်တော်တို့အသင်းလည်း အကောင်းဆုံးတိုက်စစ်မျိုးနဲ့ ကစားနိုင်ပါတယ်" ဟု ကယ်လီဂျွန်က ပြောဆိုသွားခဲ့သည်။

## ဘီဆစ်တပ်သို့မီဒယ်ပြောင်းရန် သဘောတူညီမှုရ

အင်တာမီလန်ကွင်းလယ်ကစားသမားမီဒယ်သည် ဘီဆစ်တပ်အသင်းသို့ပြောင်းရွှေ့ရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်ဟု သတင်းများက ရေးသားဖော်ပြသည်။ အသက် ၃၀ အရွယ်ရှိအဆိုပါချီလီ လက်ရွေးစင်ကစားသမားသည် ၂၀၁၈ ခုနှစ်တွင် အင်တာမီလန်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်တွင် ဘီဆစ်တပ်နှင့်သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အင်တာမီလန်နှင့်ဘီဆစ်တပ်အသင်းတို့ကမူ အပြောင်းအရွှေ့အတွက် တရားဝင်ထုတ်ပြန်ခြင်း မရှိသေးချေ။

# ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် play-off ခြေစစ်ပွဲစဉ်များ ထွက်ပေါ်လာ

## ချန်ပီယံလိဂ်တွင် လီဗာပူးနှင့်ဟော့ဖန်ဟိမ်းတို့ တွေ့ဆုံယှဉ်ပြိုင်ရမည်

## ယူရိုပါလိဂ်၌အေစီမီလန်နှင့်ဖီနာဘာချီ လွယ်ကူသည့်ပြိုင်ဘက်နှင့်ဆုံ




ပြီးခဲ့သည့်တစ်ပတ်တွင် ဆွစ်ဇာလန်နိုင်ငံ၊ နီယွန်မြို့၌ချန်ပီယံလိဂ် ပလေးအော့ဖ်အဆင့်မဲခွဲပွဲကို ကျင်းပပြုလုပ်သွားခဲ့ရာ ပရီးမီးယားလိဂ်ထိပ်သီးလီဗာပူးအသင်းမှာ ဂျာမနီကလပ်ဟော့ဖန်ဟိမ်းအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်းသိရှိရသည်။ သို့ဖြစ်ရာဒေါ့မွန်နည်းပြဟောင်းဂျာဂင်ကလော့မှာဂျာမနီမြေသို့ ပြန်သွားကာပြိုင်ဘက်ဟောင်းနှင့် ယှဉ်ပြိုင်ရတော့မည်ဖြစ်သလို ဖာမီနိုသည်လည်း အသင်းဟောင်းနှင့်ပြန်ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ပြင်စကော့တလန်ကလပ်ဆဲလ်တစ်အသင်းမှာလည်း ပြီးခဲ့သည့်ရာသီတွင် တွေ့ဆုံခဲ့သော ကာဇက်စတန်ကလပ်အက်စ်တာနာအသင်းနှင့်ပင် ပြန်လည်ရင်ဆိုင်နေရသည်။ အက်စ်တာနာအသင်းမှာပြီးခဲ့သည့်ရာသီချန်ပီယံလိဂ်တွင် ဆဲလ်တစ်ကို အကြိတ်အနယ်ကစားနိုင်ခဲ့သည့်အသင်းဖြစ်ကာ နှစ်ကျော့ပေါင်း၃-၂ဂိုးဖြင့် သာကပ်ရှုံးခဲ့သည့်အသင်းဖြစ်သည်။ စီးရီးအေကလပ်နာပိုလီအသင်းမှာလည်း ပြင်သစ်ကလပ်နိုက်စ်နှင့်တွေ့ဆုံနေရာ နိုက်စ်တိုက်စစ်မှူး ဘာလော့တယ်လီမှာ အီတလီမြေသို့ ပြန်လည်ခြေချရတော့မည်ဖြစ်သည်။ စပိန်ကလပ်ဆီဗီလာအသင်းမှာမူ တူရကီကလပ် အစ္စတန်ဘူလ်ဘာဆက်စီဟာနှင့် တွေ့ဆုံနေပြီးယန်းဘွိုင်းနှင့်CSKA မော်စကို၊ ကာရာဘတ်နှင့်ကိုပင်ဟေဂင်၊ အေပိုးလ်နှင့်ဆလားဗီးယားပရပ်၊ အိုလံပီယာကော့စ်နှင့်ရီဂျိကာ၊ ရှီဗာနှင့်မာရီဘိုး၊ စပို့တင်းလစ္စဘွန်းနှင့် FCSB အသင်းတို့မှာလည်းအသီးသီးတွေ့ဆုံနေသည်။ ပလေးအော့ဖ်ပွဲပထမအကျော့ကိုဩဂုတ်လ၁၅/၁၆ ရက်တွင်ကျင်းပမည်ဖြစ်ပြီးဒုတိယအကျော့ကို၂၂/၂၃ ရက်တွင်ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲများမှ အနိုင်ရသော ၁၀ သင်းမှာ အုပ်စုအဆင့်တက်မည်ဖြစ်ပြီး ရှုံးနိမ့်သောအသင်းများမှာယူရိုပါလိဂ်အုပ်စုအဆင့်တွင်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူရိုပါလိဂ်တွင် အေစီမီလန်နှင့်ဖီနာဘာချီတို့မှာ မက်ဆီဒိုးနီးယားကလပ်များနှင့် တွေ့ဆုံနေပြီးအဲဗာတန်မှာ ဟာဂျစ်စပလစ်၊ အေဂျက်စ်နှင့်ရိုစင်ဘော့ စသည်ဖြင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

## ဆီဗီလာသို့ပြန်ပြောင်းရန် ဘက်ကာ ဆန္ဒရှိနေ

အေစီမီလန်တိုက်စစ်မှူးကားလို့စ်ဘက်ကာသည် ဆီဗီလာအသင်းသို့ ပြန်လည်ပြောင်းရွှေ့လိုနေသည်ဟုအေးဂျင့်ဖြစ်သူ၏ ပြောကြားချက်အရသိရသည်။ ကိုလံဘီယာလက်ရွေးစင်တိုက်စစ်မှူးဘက်ကာသည် အေစီမီလန်တွင် ပုံမှန်ပွဲထွက်ခွင့် ရရှိရေးအတွက် ရုန်းကန်နေရသဖြင့် ဆီဗီလာသို့ ပြန်လည်ပြောင်းရွှေ့လိုနေခြင်းလည်းဖြစ်သည်။ "အားလုံးသိထားကြတဲ့အတိုင်းပါပဲ။ ဘက်ကာက ဆီဗီလာကိုပြန်သွားလိုနေတယ်။ အဲဒီမှာက သူ့ရဲ့အံ့အားသင့်စရာဘဝကို ပိုင်ဆိုင်ထားခဲ့တာပါ။ ဒါကြောင့် ပြန်ချင်နေတာပါ" ဟု ဘက်ကာ၏ အေးဂျင့်ဖြစ်သူဘာရီလာက ပြောဆိုသွားခဲ့သည်။ ဘက်ကာသည် ဆီဗီလာမှ အေစီမီလန်သို့ပြောင်းရွှေ့ခဲ့ပြီးခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ပေ။




## မိုနာကိုမှထွက်ခွာမည်ဟု ဘာပေပြောကြားခဲ့ခြင်းမရှိကြောင်း ဗက်စလီယက်ဗ် ဖွင့်ဟ

## ဘာပေကိုဆက်ထိန်းရေးအတွက် သဘောတူညီမှုမရသေးဟု ပြောဆို




ရီးရဲလ်အသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့်တိုက်စစ်မှူးဘာပေမှာမိုနာကိုအသင်းကို စွန့်ခွာမည်ဟုမပြောခဲ့ဖူးကြောင်း အသင်းဒုတိယဥက္ကဋ္ဌဗက်စလီယက်ဗ်ကပြောဆိုသည်။ ဘာပေသည် အသင်းကိုစွန့်ခွာရန်အတွက် ထွက်ခွာခွင့်တောင်းခဲ့သည်ဆိုသော သတင်းကို ပြင်သစ်ထိပ်သီးသတင်းစာတစ်စောင်က ရေးသားဖော်ပြလိုက်သည့်အတွက် ရီးရဲလ်နှင့်သတင်းများမှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။ သို့သော် ဒုတိယဥက္ကဋ္ဌဖြစ်သူဗက်စလီယက်ဗ်က "ကျွန်တော်တို့က သူ့ကို ဆက်ထိန်းထားလိုပါတယ်။ ဒါဟာ ကလပ်အသင်းတစ်ဖက်တည်းက ဆန္ဒမဟုတ်ဘူး။ နှစ်ဦးနှစ်ဖက်သဘောတူညီမှုပါ။ သူက လက်ရှိအချိန်မှာ အားကစားနဲ့ပတ်သက်တဲ့ စီမံကိန်းတွေအကြောင်းပဲ တွေးနေပါတယ်။ ဒါက ပုံမှန်ပဲလေ။ သူက အသင်းကနေ ထွက်သွားမယ့်သဘောမျိုးပြောတာ မရှိပါဘူး" ဟု ပြောကြားသွားခဲ့သည်။ မိုနာကိုသည်ဘာပေကို ဆက်ထိန်းရန် ကြိုးစားနေသော်လည်း ဆွေးနွေးမှုများမှာ သဘောတူညီမှုမရရှိသေးကြောင်းလည်း သိရသည်။ "သူနဲ့အတူကျွန်တော်တို့ဆွေးနွေးနေဆဲပါ။ ဒီဆွေးနွေးမှုကငွေနဲ့ပတ်သက်ပြီး မရိုးရှင်းတဲ့သဘောရှိတယ်။ တော်တော်လေးတော့ ရှုပ်ထွေးပါတယ်" ဟု ဗက်စလီယက်ဗ်ကဆိုခဲ့သည်။

## SHORT NEWS

- စပိန်လာလီဂါအပြောင်းအရွှေ့ဈေးကွက် နောက်ဆုံးအချိန်သည် အခြားသော အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီတို့ကဲ့သို့မဟုတ်ဘဲ စက်တင်ဘာလ ၁ ရက်၊ ညသန်းခေါင်ယံ ၁၂:၀၀ အချိန်တွင်မှ ပိတ်သိမ်းမည်ဖြစ်သည်ဟု လာလီဂါဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်သည်။
- ဒိန်းမတ်အသင်းခေါင်းဆောင် ဆိုင်မွန်ကေဂျာက ဆီဗီလာအသင်းနှင့်အတူလာလီဂါနှင့်ချန်ပီယံလိဂ်ဖလားများရယူလိုကြောင်း ပြောဆိုသည်။ ကေဂျာသည် ပြီးခဲ့သည့် ဩဂုတ်လ ၂ ရက်တွင် တူရကီကလပ်ဖီနာဘာချီအသင်းမှ ဆီဗီလာသို့ ၄ နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့်ပြောင်းရွှေ့ခဲ့သည်။
- ဆီဗီလာအသင်းသည် ဆဲလ်တာဗီဂိုဘယ်နောက်ခံလူကက်စထရိုကို ခေါ်ယူရန်နီးစပ်နေပြီဟု သတင်းများက ရေးသားဖော်ပြသည်။



# ပရီးမီးယားလိဂ်ရာသီသစ် စိန်ခေါ်မှုသစ်၊ မျှော်လင့်ချက်သစ်နဲ့ စတင်ပြီ

■ မျိုးမင်းအောင်

ရုပ်သံကနေ တစ်ကမ္ဘာလုံးစောင့်ကြည့်အားပေးခံရမှုအများဆုံးလိဂ်၊ ပရိသတ်ကြားမှာ ရေပန်းစားလှတဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲကို လာမယ့်ဩဂုတ်လ ၁၁ ရက်ဆိုရင် စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ အခုကျင်းပမယ့် ၂၀၁၇-၁၈ ဘောလုံးရာသီ၊ ပရီးမီးယားလိဂ်ပြိုင်ပွဲဟာ ၂၆ ကြိမ်မြောက်ကျင်းပတဲ့ပြိုင်ပွဲဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်မှာ အဆုံးသတ်မှာပါ။ ချဲလ်ဆီးကလက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ရမှာဖြစ်ပြီး ချန်ပီယံရှစ်ကနေ တန်းတက်လာတဲ့ နယူးကာဆယ်၊ ဘရိုက်တန်၊ ဟတ်ဒါဖီးလ်အသင်းတွေကလည်း ပရီးမီးယားလိဂ်မှာ အားပြိုင်ကြရပါလိမ့်မယ်။ ပြိုင်ပွဲဝင်အသင်းတွေကြားထဲမှာ ခြေစွမ်းကွာဟမှုနည်းပါးပြီး အကြိတ်အနယ်ရှိလွန်းလှတဲ့ ပရီးမီးယားလိဂ်၊ ဆွဲဆောင်ဖမ်းစားနိုင်စွမ်းမြင့်မားလွန်းတဲ့အမှတ်ပေးပြိုင်ပွဲဟာ စိန်ခေါ်မှုသစ်၊ မျှော်လင့်ချက်သစ်တွေနဲ့အတူ ရာသီသစ်တစ်ခု စတင်တော့မှာ ဖြစ်ပါတယ်။

ပရီးမီးယားလိဂ်ရာသီသစ်အကြောင်း ပြောတော့မယ်ဆိုရင် ဘယ်အသင်းချန်ပီယံဖြစ်မလဲဆိုတာက ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး မေးခွန်းတစ်ခု ဖြစ်နေပါလိမ့်မယ်။ ချန်ပီယံဆုကို ဘယ်အသင်းတွေစိန်ခေါ်နိုင်မလဲဆိုတာကလည်းစိတ်လှုပ်ရှားစရာ ကောင်းနေပါလိမ့်မယ်။ ပရီးမီးယားလိဂ်ရဲ့ ထူးခြားချက်ကတော့ အခြားလိဂ်ပြိုင်ပွဲတွေလို မဟုတ်ဘဲ ချန်ပီယံဆုကို မျှော်လင့်နိုင်တဲ့အသင်းအရေအတွက်က လက်တစ်ဖက်စာမက ရှိနေတာပါပဲ။ လာလီဂါမှာရီးရဲလ်နဲ့ဘာစီလိုနာနှစ်သင်းသာ ချန်ပီယံဆုကိုအပြိုင်လုကြရတာဖြစ်ပြီး စီးရီးအေမှာဆိုဂျူဗင်တပ်၊ ဘွန်ဒက်စ်လီဂါမှာဘိုင်ယန်မြူးနစ်တို့ပဲ လွှမ်းမိုးထားခဲ့ကြတာပါ။ ပြင်သစ်လီဂူး-၁ ပြိုင်ပွဲမှာလည်း ပီအက်စ်ဂျီအသင်းကသာ ချန်ပီယံဆုကို နှစ်များစွာ ဆက်တိုက်ရယူနိုင်ခဲ့ပြီးမှ ပြီးခဲ့တဲ့ရာသီမှာ မိုနာကိုအသင်းက ချန်ပီယံဆု လွှဲပြောင်းရယူနိုင်ခဲ့တာပါ။ ပရီးမီးယားလိဂ်မှာလည်း ချန်ပီယံဆုရယူနိုင်တဲ့အသင်း များများစားစားမရှိပေမယ့် ချန်ပီယံဆုကိုမျှော်လင့်နိုင်တဲ့အသင်း အများကြီးရှိနေတာပါ။ ရာသီဝက်ကျော်ကာလနဲ့ရာသီပိတ်သိမ်းခါနီးချိန်အထိ ချန်ပီယံဆုနဲ့ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားပြိုင်မှုကအကြိတ်အနယ်ရှိလွန်းလှပါတယ်။ နောက်တစ်ချက်က ပရီးမီးယားလိဂ်မှာအသင်းကြီးနဲ့အသင်းငယ်တွေကြား ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းတာပါပဲ။ ထိပ်သီးအသင်းတွေနဲ့ အသင်းငယ်တွေဆုံတွေ့သမျှမှာ ဂိုးပြတ်ရလဒ်တွေပေါ်ထွက်တာမျိုး ရှားပါးတဲ့ အပြင်ကမောက်ကမရလဒ်တွေ ထွက်ပေါ်တတ်တာမျိုးလည်းမကြာခဏပါပဲ။

ပြီးခဲ့တဲ့ရာသီတုန်းက ပရီးမီးယားလိဂ်ချန်ပီယံဆုကို ချဲလ်ဆီးအသင်းအငြင်းပွားဖွယ်မရှိ ထိုက်တန်စွာရယူနိုင်ခဲ့ပါတယ်။ ဒီရာသီမှာတော့ ချန်ပီယံဘွဲ့ကိုကာကွယ်နိုင်ဖို့က ချဲလ်ဆီးအတွက် ပိုမိုခက်ခဲလာမယ်လို့ ယူဆစရာရှိပါတယ်။ ချဲလ်ဆီးဟာ အရင်ကအားထားခဲ့ရတဲ့တိုက်စစ်မှူးကော်စတာကို ခေါက်ထားလိုက်တယ်။ သူ့ရဲ့အနာဂတ်အစီအစဉ်တွေထဲမှာ မပါတော့ဘူးလို့ကော်စတာကို ကွန်တီကသစ်စိမ်းချိုး ချိုးခဲ့ပါတယ်။ သူ့နေရာမှာအစားထိုးဖို့ ရီးရဲလ်တိုက်စစ်မှူးမိုရာတာကို မြင့်မားတဲ့ငွေကြေးတစ်ရပ်နဲ့ ခေါ်ယူခဲ့ပါတယ်။ အသင်းကြီးတွေ စိတ်ဝင်စားနေတဲ့ဟာဇက်ကို ဆက်ထိန်းထားနိုင်ခဲ့တယ်။ မနှစ်တုန်းက ကန်တီနဲ့အတွဲညီခဲ့တဲ့ မာတစ်ကို မန်ယူထံပြောင်းရွှေ့ခွင့်ပေးပြီး ဘာကာယိုကိုနဲ့အတွဲသစ်ကို ပွဲထုတ်ဖို့ပြင်ဆင်ထားပါတယ်။ အထိုင်ကျပြီးသား ကန်တီ-မာတစ်အတွဲကိုဖျက်လိုက်တာက ကွန်တီအတွက် စွန့်စားခန်းတစ်ခုပါပဲ။ မနှစ်ကလို ၃-၄-၃ ကစားကွက်အောင်မြင်ဦးမလား။ အသင်းနဲ့မိုရာတာ အံဝင်ပြီး ချဲလ်ဆီးတိုက်စစ်ကိုဦးဆောင်နိုင်မလားဆိုတာ စောင့်ကြည့်ကြရမှာဖြစ်ပါတယ်။

ဒီနွေရာသီမှာ ကစားသမားသစ်ခေါ်ယူရေးအတွက် ငွေအများဆုံးသုံးစွဲထားတာက မန်စီးတီးပါပဲ။ စပါးနောက်ခံလူဝေါ်လ်ကာ၊ မိုနာကိုနောက်ခံလူမန်ဒီ၊ မိုနာကိုကွင်းလယ်လူဘာနာဒိုဆေးလ်ဗား၊ ဘင်ဖီကာဂိုးသမားအီဒါဆင်၊ ရီးရဲလ်နောက်ခံလူဒန်နီလို၊ ဗာစကိုဒဂါးမားကွင်းလယ်လူဒေါက်ဂလပ်စ်လူးဝစ်တို့အတွက် ပေါင်သန်း ၂၀၀ ကျော်အထိ သုံးစွဲထားခဲ့တာပါ။ နောက်ခံလူအများစုကို ထွက်ခွာခွင့်ပေးခဲ့တဲ့ မန်စီးတီးဟာ ခံစစ်ကိုအားဖြည့်တာမှန်ကန်ခဲ့ပေမယ့် မနှစ်ကခြေစွမ်းပျောက်ခဲ့တဲ့အဂူရိုအရန်အဖြစ်သာရှိသေးတဲ့ ဂိုးဆယ်တို့အနေနဲ့ မန်စီးတီးအတွက် လိုအပ်တဲ့ဂိုးတွေကို သွင်းယူနိုင်မလားဆိုတာစောင့်ကြည့်ချင်စရာပါပဲ။ မန်စီးတီးဟာမနှစ်တုန်းက ခံစစ်အမှားများခဲ့တာအဓိကပြဿနာဖြစ်ခဲ့တယ်။ ဒီရာသီမှာတော့ ဂွါဒီယိုလာခေါ်ယူထားတဲ့ နောက်တန်းသစ်တွေ ခြေစွမ်းပြနိုင်ဖို့လိုပါတယ်။ ရာသီကြိုကာလမှာတော့ မန်စီးတီးရဲ့အနေအထားက မဆိုးဘူးလို့ပြောရမယ်။ မန်ယူကို ၂-၀ ဂိုးနဲ့ရှုံးနိမ့်ခဲ့ပေမယ့် ရီးရဲလ်ကို ၄-၁၊ စပါးကို ၃-၀ ဂိုးနဲ့အနိုင်ရခဲ့တဲ့ခြေစွမ်းကို ဆက်ထိန်းထားနိုင်ရင် မန်စီးတီးအတွက် အလားအလာကောင်းတွေ ရှိနေမှာပါ။

မန်စီးတီးပြီးရင် အပြောင်းအရွှေ့ဈေးကွက်ကို လှုပ်ခတ်စေခဲ့တာက မန်ယူပါပဲ။ မန်ယူဟာ လူကာကူကိုပေါင် ၇၅ သန်း၊ လင်ဒီလော့ဖ်ကို ပေါင် ၃၁ သန်း၊ မာတစ်ကို ပေါင်သန်း ၄၀ နဲ့ခေါ်ယူထားပါတယ်။ မော်ရင်ဟိုဟာအရပ်အမောင်းမြင့်မားတဲ့ ကစားသမားတွေကိုဦးစားပေးခေါ်ယူခဲ့တာဖြစ်သလို လူကာကူနဲ့မာတစ်တို့က ပရီးမီးယားလိဂ်နဲ့အထိုင်ကျပြီးသား ဖြစ်နေတယ်။ လူကာကူက ရာသီကြိုခြေစမ်းပွဲတွေမှာအသင်းနဲ့အံဝင်ခွင်ကျ ကစားပြနိုင်ခဲ့သလို မန်ယူဟာလည်း ရာသီကြိုကာလကစားခဲ့တဲ့ ၇ ပွဲမှာ ဘာစီလိုနာတစ်သင်းကိုသာ အရေးနိမ့်ပြီး ကျန်တဲ့ ၆ ပွဲလုံးအနိုင်ရခဲ့တာကြောင့် ရာသီသစ်အတွက် စောင့်ကြည့်ရမယ့်အသင်းလို့ ဆိုရမှာပါ။ မနှစ်ကလို အဆင့် ၅၊ ၆ နေရာတွေမှာသာ ကျင်လည်နေရတဲ့ မန်ယူအသင်းကို ထပ်တွေ့ရဖို့မရှိဘူးလို့သုံးသပ်ရပါလိမ့်မယ်။ ဒါပေမဲ့မန်ယူအနေနဲ့ ဒီထက်တိုက်စစ်ပိုထက်မြက်ဖို့လိုပါတယ်။ မနှစ်ကလို သရေပွဲတွေများခဲ့တာကို ပြင်ဆင်နိုင်ဖို့ အရေးကြီးလှပါတယ်။ လီဗာပူးက ဒီရာသီမှာ မိုဟာမက်ဆာလက်ရှ် ရော်ဘတ်ဆင်၊ ဆိုလန်ကီတို့ကိုသာ ခေါ်ယူထားပြီး ဆာလက်ရှ်က အသင်းသစ်မှာချက်ချင်းဆိုသလို အထိုင်ကျကာ ခြေစွမ်းပြဂိုးတွေသွင်းယူနိုင်ခဲ့ပါတယ်။ လီဗာပူးနည်းပြဂျာဂင်ကလော့က ဘာစီလိုနာပစ်မှတ်ထားနေတဲ့ ကော်တင်ဟိုကို ဆက်ထိန်းထားမယ်လို့ဆိုခဲ့ပေမယ့် သူသာထွက်ခွာသွားခဲ့ရင်လည်း အစားထိုးလို့ရတဲ့ ကွင်းလယ်လူတွေ ရှိနေပါတယ်။ လီဗာပူးဟာ ရာသီကြိုကာလမှာ ခရစ္စတယ်ပဲလေ့စ်၊ လက်စတာ၊ ဟာသာဘာလင်၊ ဘိုင်ယန်မြူးနစ်တို့ကို အနိုင်ရရှိခဲ့ပြီး အက်သလက်တီကိုနဲ့ပွဲမှာသာ ပင်နယ်တီနဲ့အရေးနိမ့်ခဲ့ရတာပါ။

အာဆင်နယ်ကတော့ ပရိသတ်တွေဆန့်ကျင်နေတဲ့ကြားကပဲ နည်းပြအာစင်ဝင်းဂါးကို စာချုပ်သက်တမ်းတိုးလိုက်ပါတယ်။ အာဆင်နယ်ဟာ ဒီနွေရာသီမှာ လာကာဇက်တီကိုကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၃ သန်းနဲ့ခေါ်ယူခဲ့တာကလွဲလို့ ကျန်တဲ့လှုပ်ရှားမှုတွေက အရင်အတိုင်းပါပဲ။ ရှော်လ်ကေးနောက်ခံလူကိုလာစီနက်ကို အလွတ်ခေါ်ယူခဲ့တာသာရှိပြီး အဓိကတိုက်စစ်မှူးဆန်းချက်ဇ်က အသင်းကထွက်ခွာချင်နေတယ်လို့ သတင်းတွေထွက်နေတယ်။ ရာသီကြိုခြေစမ်းပွဲတွေမှာလည်း အာဆင်နယ်ရဲ့ရလဒ်တွေက အားရစရာ မရှိခဲ့ပါဘူး။ ချဲလ်ဆီး၊ ဆီဗီလာတို့ကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်တွေမှာ အာဆင်နယ်ရဲ့ကစားပုံဟာ အထင်ကြီးလောက်စရာတော့ မရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ရာသီတုန်းက အဆင့် ၅ သာရရှိခဲ့ပြီး ချန်ပီယံလိဂ်နဲ့ကင်းဝေးခဲ့ရတဲ့ အာဆင်နယ်ဟာ ဒီရာသီမှာလည်း ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ဝေးလို့၊ ထိပ်ဆုံးလေးသင်းအတွင်းဝင်ရောက်နိုင်ရင်ပဲ အောင်မြင်မှုလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ထိပ်သီးအသင်းတွေထဲမှာ ကစားသမားသစ်ခေါ်ယူခြင်း လုံးဝမလုပ်ခဲ့တဲ့အသင်းကတော့ စပါးပါပဲ။ စပါးဟာ လူသစ်တွေ ခေါ်ယူခြင်းမရှိသလို အားထားရတဲ့နောက်ခံလူဖြစ်တဲ့ ဝေါ်လ်ကာကို မန်စီးတီးထံ ထုတ်ရောင်းခဲ့တယ်။ ဘန်တာလက်၊ ဖာဇီယိုတို့ကိုပါရောင်းချခဲ့တဲ့ စပါးအားနည်းသွားမယ်လို့ထင်စရာရှိပေမယ့် ထိပ်ဆုံး ၄ သင်းအတွင်း ဝင်ရောက်နိုင်ရေးအတွက် ပြိုင်ဘက်ကောင်းဖြစ်နေဦးမှာပါ။ နိုင်ငံတကာဖလားပွဲမှာ ပီအက်စ်ဂျီကို ၄-၂ ဂိုးနဲ့အနိုင်ရပြီး ရိုးမားကို ၃-၂ ဂိုး၊ မန်စီးတီးကို ၃-၀ ဂိုးနဲ့ အရေးနိမ့်ခဲ့တဲ့ စွမ်းဆောင်ရည်အရ ပရီးမီးယားလိဂ် ချန်ပီယံဆုကို စပါးစိန် ခေါ်နိုင်မလားဆိုတာတော့ သံသယဝင်စရာပါပဲ။ ပြင်ဆင်မှုကောင်းကောင်းပြုလုပ်ထားတဲ့ မန်ချက်စတာအခြေစိုက် အသင်းနှစ်သင်းက ပြီးခဲ့တဲ့ရာသီမှာ စပါးရယူနိုင်ခဲ့တဲ့ ဒုတိယနေရာကို ခြိမ်းခြောက်လာပါလိမ့်မယ်။ ပရီးမီးယားလိဂ်အသင်းလတ်တွေထဲမှာ ငွေကြေးမြောက်မြားစွာသုံးပြီး အထူးပြင်ဆင်ထားတာက အဲဗာတန်နဲ့ဝက်စ်ဟမ်းတို့ဖြစ်ပါတယ်။ အဲဗာတန်က ဂျော်ဒန်ပစ်ဖို့ဒ်၊ မိုက်ကယ်ကိန်း၊ ကလာဆင်၊ အွန်ရီကူရှ၊ ရာမီရက်ဇ်၊ ရွန်နီ၊ မာတီနာ စသည်ဖြင့် လူသစ်တွေ အများအပြားခေါ်ယူခဲ့တာပါ။ လူကာကူကိုရောင်းလို့ရရှိထားတဲ့ ပေါင် ၇၅ သန်းပမာဏကြောင့် လူသစ်တွေ ခေါ်ယူတာမှာ ဝန်ထုပ်ဝန်ပိုးတော့ မဖြစ်ခဲ့ပါဘူး။ ဝက်စ်ဟမ်းက စတုတ်စီးတီးရဲ့အာနူတိုဗစ်၊ လေဗာကူဆင်ရဲ့ဟာနန်ဒက်ဇ်၊ မန်စီးတီးရဲ့ဇာဘလက်တာနဲ့ဂျိုးဟတ်တို့ကို ခေါ်ယူထားပါတယ်။ တခြားအသင်းတွေကလည်း လူသစ်ခေါ်ယူမှုတွေ ပြုလုပ်ခဲ့ပေမယ့်ဖော်ပြခဲ့တဲ့အသင်းတွေလောက် ငွေသုံးစွဲမှု မများခဲ့ပါဘူး။

ဗြိတိန်ဘွတ်ကီတွေကတော့ ရာသီသစ်မှာ ဗိုလ်စွဲမယ့်အလေးပေးမှုအဖြစ် မန်စီးတီး၊ မန်ယူ၊ ချဲလ်ဆီး၊ စပါး၊ အာဆင်နယ်၊ လီဗာပူးတို့ကိုအစဉ်လိုက်သတ်မှတ်ထားပါတယ်။ ချဲလ်ဆီးလက်ထဲက ချန်ပီယံဖလားကို ဘယ်အသင်းလွှဲပြောင်းရယူနိုင်မလဲဆိုတာစိတ်ဝင်စားစရာပါပဲ။ စိန်ခေါ်မှုအသစ်၊ မျှော်လင့်ချက်အသစ်တွေနဲ့ ပရီးမီးယားလိဂ်ရာသီသစ်ကတော့ စတင်တော့မှာဖြစ်ပါတယ်။

# နူးကမ့်မှာကစားမယ့် El Clasico ဒါဘီပွဲစဉ်မှာ ဘာစီလိုနာကို ယုံကြည်လိုက်ချင်တယ်

## စပိန်စူပါဖလား ပထမအကျော့ပွဲစဉ် ပွဲကြိုခန့်မှန်းချက်

### ဘာစီလိုနာ Vs ရီးရဲလ်

**နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ၃၀-၇-၁၇ | ရီးရဲလ် | ၂-၃ | ဘာစီလိုနာ |
| ၂၄-၄-၁၇ | ရီးရဲလ် | ၂-၃ | ဘာစီလိုနာ |
| ၃-၁၂-၁၆ | ဘာစီလိုနာ | ၁-၁ | ရီးရဲလ် |

**ဘာစီလိုနာ၏ နောက်ဆုံး(၅)ပွဲရလဒ်**

| | | | |
|---|---|---|---|
| ၅-၈-၁၇ | တာရာဂိုနာ | ၁-၁ | ဘာစီလိုနာ |
| ၃၀-၇-၂၀၁၇ | ရီးရဲလ် | ၂-၃ | ဘာစီလိုနာ |
| ၂၇-၇-၁၇ | ဘာစီလိုနာ | ၁-၀ | မန်ယူ |
| ၂၃-၇-၁၇ | ဂျူဗင်တပ် | ၁-၂ | ဘာစီလိုနာ |
| ၂၀-၅-၁၇ | ဘာစီလိုနာ | ၃-၁ | အလာဗက်စ် |

**ရီးရဲလ်၏ နောက်ဆုံး(၅)ပွဲရလဒ်**

| | | | |
|---|---|---|---|
| ၃-၈-၁၇ | မေဂျာလိဂ်စတား | ၁-၁ | ရီးရဲလ် |
| ၃၀-၇-၁၇ | ရီးရဲလ် | ၂-၃ | ဘာစီလိုနာ |
| ၂၇-၇-၁၇ | မန်စီးတီး | ၄-၁ | ရီးရဲလ် |
| ၂၄-၇-၁၇ | ရီးရဲလ် | ၁-၁ | မန်ယူ |
| ၄-၆-၁၇ | ဂျူဗင်တပ် | ၁-၄ | ရီးရဲလ် |

**နောက်ဆုံး ၅ပွဲ နိုင်/ရှုံး**

| | | | | | |
|---|---|---|---|---|---|
| ဘာစီလိုနာ | - | W | W | W | W | D |
| ရီးရဲလ် | - | W | L | L | L | W |

**သတိပြုရမည့်အချက်များ**

✹ ဘာစီလိုနာသည် ပြီးခဲ့သည့် ဘောလုံးရာသီ ၈ ခုတွင် စပိန်စူပါဖလားကို ၇ ကြိမ်အထိ ကစားခွင့်ရထားသည့်အသင်းဖြစ်ပြီး ချန်ပီယံဆုကို ဆက်ထိန်းရန် ကြိုးစားနေ။

✹ နည်းပြသစ် ဗယ်လ်ဗာဒီသည် နေမာမရှိတော့သည့် တိုက်စစ်ကိုစီးရိမ်စရာမရှိကြောင်း သက်သေပြနိုင်ရန်အတွက် ယခုပွဲတွင် တိုက်စစ်ကို ဦးစားပေးကစားမည်ဖြစ်။

**သတိပြုရမည့်အချက်များ**

✹ နိုင်ငံတကာချန်ပီယံများဖလားပြိုင်ပွဲတွင် ဘာစီလိုနာနှင့် ဆုံတွေ့ခဲ့ရာ၌ ရီးရဲလ်သည် ပထမပိုင်း ပွဲချိန်အစောပိုင်းတွင်ပင် ဘာစီလိုနာကို ၂ ဂိုးအထိ ခွင့်ပြုပေးခဲ့ရ။

✹ ရီးရဲလ်အသင်းသည် ဘာစီလိုနာနှင့် သမိုင်းတစ်လျှောက် ပြိုင်ပွဲစုံဆုံတွေ့ခဲ့ရာတွင် ၁၈ ပွဲသာ အနိုင်ရထားပြီး ၂၈ ပွဲ ရှုံးနိမ့်ထားသောကြောင့် အရှုံးရာခိုင်နှုန်း ပိုများနေ။



**သုံးသပ်ချက်**

ဒီပွဲစဉ်ကတော့ ၂၀၁၂ ခုနှစ်ပြီးရင် စပိန်စူပါဖလားမှာ ရီးရဲလ်နဲ့ ဘာစီလိုနာတို့ ပထမဆုံးအကြိမ်ပြန်လည်ပြီး ဆုံတွေ့တဲ့ပွဲစဉ်လည်းဖြစ်ပါတယ်။ စိတ်လှုပ်ရှားစရာတွေပြည့်နှက်နေတဲ့ ရာသီအစမှာ El Clasico ပွဲစဉ်တစ်ပွဲကို ခံစားရှုမြင်ရမှာမို့လို့ ကမ္ဘာတစ်ဝန်းလုံးက ပရိသတ်တွေလည်း စိတ်ဝင်စားမှုအပြည့်ဖြစ်နေပါတယ်။ ပထမအကျော့ပွဲစဉ်ကို ဘာစီလိုနာအသင်းရဲ့ နူးကမ့်ကွင်းကြီးမှာ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် အိမ်ရှင်အသင်းက အားသာချက်များစွာရှိပါတယ်။ ဘာစီလိုနာက နေမာကို ဆုံးရှုံးလိုက်ရတာကလွဲရင် ထူးခြားတဲ့ပြောင်းလဲချက်မရှိသလို ရီးရဲလ်မှာလည်း ပြောင်းလဲချက်တော့ မရှိပါဘူး။ ဒါပေမဲ့ လူငယ်အများစုကို စမ်းသပ်အသုံးပြုနေတဲ့ ရီးရဲလ်နည်းပြဇီဒန်းကြောင့် မက်ဒရစ်ကလပ်မှာ အားနည်းချက်ရှိနေနိုင်တယ်။ ဘာစီလိုနာကို ရွေးချယ်ရမယ်။

# ခြေစွမ်းအရ ဂျူဗင်တပ်အသာရပေမယ့် မိနစ် ၉၀ အတွင်း သရေနဲ့အဆုံးသတ်ဖို့များနေတယ်

## အီတလီစူပါဖလားပွဲစဉ် ပွဲကြိုခန့်မှန်းချက်

### ဂျူဗင်တပ် Vs လာဇီယို

**နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ၁၈-၅-၁၇ | ဂျူဗင်တပ် | ၂-၀ | လာဇီယို |
| ၂၂-၁-၁၇ | ဂျူဗင်တပ် | ၂-၀ | လာဇီယို |
| ၂၇-၈-၁၆ | လာဇီယို | ၀-၁ | ဂျူဗင်တပ် |

**ဂျူဗင်တပ်၏ နောက်ဆုံး(၅)ပွဲရလဒ်**

| | | | |
|---|---|---|---|
| ၅-၈-၁၇ | စပါး | ၂-၀ | ဂျူဗင်တပ် |
| ၃၁-၇-၁၇ | ရိုးမား | ၁-၁ | ဂျူဗင်တပ် |
| ၂၇-၇-၁၇ | ပီအက်စ်ဂျီ | ၂-၃ | ဂျူဗင်တပ် |
| ၂၃-၇-၁၇ | ဂျူဗင်တပ် | ၁-၂ | ဘာစီလိုနာ |
| ၄-၆-၁၇ | ဂျူဗင်တပ် | ၁-၄ | ရီးရဲလ် |

**လာဇီယို၏ နောက်ဆုံး(၅)ပွဲရလဒ်**

| | | | |
|---|---|---|---|
| ၆-၈-၁၇ | မာလာဂါ | ၀-၁ | လာဇီယို |
| ၃၀-၇-၁၇ | လေဗာကူဆင် | ၁-၃ | လာဇီယို |
| ၂၂-၇-၁၇ | လာဇီယို | ၂-၀ | စပါးလ် |
| ၁၉-၇-၁၇ | လာဇီယို | ၃-၀ | ထရီစတီနာ |
| ၂၉-၅-၁၇ | ခရိုတုန်း | ၃-၁ | လာဇီယို |

**နောက်ဆုံး ၅ပွဲ နိုင်/ရှုံး**

| | | | | | |
|---|---|---|---|---|---|
| ဂျူဗင်တပ် | - | L | L | W | W | L |
| လာဇီယို | - | L | W | W | W | W |

**သတိပြုရမည့်အချက်များ**

✹ ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့်နှစ် စူပါဖလားပြိုင်ပွဲတွင် အေစီမီလန်အသင်းကို ပုံမှန်ပွဲချိန်အတွင်း သရေသာကစားနိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့။

✹ တရားဝင် လောင်းကစားဝက်ဘ်ဆိုက်များ၏ လောင်းကြေးသတ်မှတ်မှုများအရ ပရိသတ်အကြိုက်များသည့်အသင်းမှာ ဂျူဗင်တပ်ဖြစ်ပြီး ကြယ်ငါးပွင့်အဆင့်အထိ မြင့်တက်နေ။

**သတိပြုရမည့်အချက်များ**

✹ လာဇီယိုအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များတွင် တစ်ပွဲပျမ်းမျှသွင်းဂိုးနှုန်း ၂ ဒသမ ၇ ဂိုးနှုန်းအထိရှိနေ။

✹ ပြီးခဲ့သည့် ဘောလုံးရာသီတွင် အဆင့် ၅ နေရာရပ်တည်နိုင်ခဲ့သော လာဇီယိုအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် ရည်မှန်းနေသော်လည်း ဂျူဗင်တပ်နှင့်တွေ့ဆုံသည့် စီးရီးအေနှစ်ကျော့စလုံးတွင် အရှုံးနှင့်သာရင်ဆိုင်ခဲ့ရ။

**သုံးသပ်ချက်**

၂၀၁၇ ခုနှစ် အီတလီစူပါဖလားပြိုင်ပွဲဟာ အကြိမ် ၃၀ မြောက်ကျင်းပတဲ့ ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ စီးရီးအေချန်ပီယံနဲ့ ကိုပါအီတာလီယာချန်ပီယံတို့အကြား အားပြိုင်တဲ့ပွဲစဉ်ဖြစ်ပြီး ရောမမြို့ရဲ့ အထင်ကရ အားကစားကွင်းကြီး အိုလံပီကိုမှာ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အိုလံပီကိုဟာ လာဇီယိုအသင်းရဲ့ အိမ်ကွင်းတစ်ဖြစ်လဲ အသုံးပြုနေတာကြောင့် ဂျူဗင်တပ်ကို လာဇီယိုကအိမ်ကွင်းမှာ ဧည့်ခံကစားတယ်လို့ ယေဘုယျမှတ်ချက်ပြုနိုင်ပါတယ်။ ဂျူဗင်တပ်က အစစအရာရာ အသာစီးရနေတာမှန်ပေမယ့် လာဇီယိုကလည်း ဒီပွဲစဉ်ကို အားထည့်ကစားလာမှာဖြစ်တာကြောင့် ပုံမှန်ပွဲချိန်အတွင်း သရေကျသွားမယ့်သဘောမှာရှိနေပြီး နှစ်သင်းပေါင်းသွင်းဂိုးကလည်း နည်းသွားနိုင်မယ်လို့ ခန့်မှန်းရပါတယ်။



# အဝေးကွင်းမှာ လီဗာပူး အနိုင်ရဖို့ခက်မယ်

## ချန်ပီယံလိဂ် Play-off ပွဲစဉ် ပထမအကျော့ ပွဲကြိုခန့်မှန်းချက်

***ချန်ပီယံလိဂ် Play-off ပွဲစဉ်ပထမအကျော့ကို ဩဂုတ် ၁၅ နဲ့ ၁၆ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာပါ။***




### ကွာရာဘက် VS ကိုပင်ဟေဂင်

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

ကွာရာဘက် - L W W D W

ကိုပင်ဟေဂင် - W L D W L

အဇာဘိုင်ဂျန်ကလပ် ကွာရာဘက်က အိမ်ကွင်းကောင်းပေမယ့် ကိုပင်ဟေဂင်ကို အနိုင်ရဖို့ မလွယ်ပါဘူး။

### အေပိုးလ် VS ဆလားဗီးယားပရပ်

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

အေပိုးလ် -W W W L W

ဆလားဗီးယားပရပ် -W W W L D

၂ သင်းစလုံး ခြေမကွာကြပေမယ့် အိမ်ကွင်းမှာ ကစားအားကောင်းတဲ့ အေပိုးလ် ရလဒ်ကောင်းမှာပါ။

### ယန်းဘွိုင်း VS CSKA မော်စကို

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

ယန်းဘွိုင်း - W L W W W

CSKA မော်စကို - L W W W L

ဒိုင်နမိုကိဗ်လိုအသင်းမျိုးကို ကျော်ဖြတ်လာခဲ့တဲ့ ယန်းဘွိုင်း အိမ်ကွင်းမှာ CSKA ကို အနိုင်ယူမှာပါ။

### ဟော့ဖန်ဟိမ်း VS လီဗာပူး

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

ဟော့ဖန်ဟိမ်း - W D W W W

လီဗာပူး - W W W L W

အိမ်ကွင်းရလဒ်ကောင်းမွန်တဲ့ ဟော့ဖန်ဟိမ်းကို လီဗာပူးအနိုင်ယူဖို့မလွယ်ကူနိုင်ဘဲ အမြင့်ဆုံး သရေသာရမှာပါ။

### စပို့တင်းလစ္စဘွန်း VS FCSB

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

စပို့တင်းလစ္စဘွန်း - L W L W W

FCSB - W D D W W

အစဉ်အလာကြီးမားတဲ့ ပေါ်တူဂီကလပ် စပို့တင်းအနေနဲ့ ရိုမေးနီးယားကလပ် FCSB ကို သေချာပေါက်အနိုင်ကစားမှာပါ။

### ဆဲလ်တစ် VS အက်စ်တာနာ

နောက်ဆုံးတွေ့ဆုံမှု

၄-၈-၁၆ ဆဲလ်တစ် ၂-၁ အက်စ်စတာနာ

နောက်ဆုံး ၅ ပွဲရလဒ်

ဆဲလ်တစ် - W D W W W

အက်စ်စတာနာ - W D W W L

စကော့တလန်ကလပ် ဆဲလ်တစ်က နောက်ဆုံး ၅ ပွဲမှာ ၄ ပွဲနိုင်ထားတာကြောင့် အက်စ်စတာနာကို ဂိုးမပြတ်တောင်အနိုင်သေချာပါတယ်။

### အိုလံပီယာကော့ VS ရီဂျိကာ

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

အိုလံပီယာကော့ - W D D W D

ရီဂျိကာ - W W D W D

၂ သင်းစလုံး နောက်ဆုံး ၅ ပွဲဆက်ရှုံးပွဲမရှိပေမယ့် ဥရောပအတွေ့အကြုံပိုရင့်တဲ့ အိမ်ရှင်အသင်း ဂိုးပြတ်အနိုင်ယူမှာပါ။

### ဟာပိုးလ် VS မာရီဘော

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

ဟာပိုးလ် - W W W L L

မာရီဘော - W W W W W

ညီ့သည်အသင်းက နိုင်ပွဲဆက်နေပြီး ခြေစွမ်းထက်နေပေမယ့် ဟာပိုးလ်ကွင်းမှာတော့ အိမ်ရှင်အသာရမှာပါ။

### ဘာကာစီဟာ VS ဆီဗီလာ

ထိပ်တိုက်တွေ့ဆုံမှု

မရှိ

နောက်ဆုံး ၅ ပွဲရလဒ်

ဘာကာစီဟာ - W W D D W

ဆီဗီလာ - L W W L D

တူရကီကလပ် ဘာကာစီဟာက နောက်ဆုံး ၁၅ ပွဲမှာ ၁ ပွဲသာ ရှုံးနိမ့်ထားပေမယ့် ညီ့သည်ဆီဗီလာ မရှုံးအောင် ကစားနိုင်ပါလိမ့်မယ်။

### နာပိုလီ VS နိုက်စ်

နောက်ဆုံးတွေ့ဆုံမှု

၂-၈-၁၆ နာပိုလီ ၃-၀ နိုက်စ်

နောက်ဆုံး ၅ ပွဲရလဒ်

နာပိုလီ - W D L W D

နိုက်စ် - L W D D L

ဥရောပအတွေ့အကြုံရင့်နာပိုလီအနေနဲ့ ဘာလော့တယ်လီပါဝင်လာမယ့် နိုက်စ်ကို အိမ်ကွင်းမှာ အနိုင်သေချာပါတယ်။

## အားကစားမြင်ကွင်းဂျာနယ် ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| | **မကွေးတိုင်းဒေသကြီး** | | |
| ၁။ | ဦးနေလင်း | နတ်မောက် | ၀၉၂၅၆၀၉၂၃၂၃ |
| | **မန္တလေးတိုင်းဒေသကြီး** | | |
| ၂။ | ထွန်းဦးစာပေ | မန္တလေး | ၀၂၃၉၈၀၁ |
| ၃။ | နဂါးစာပေ | မန္တလေး | ၀၂၅၁၇၂၂ |
| ၄။ | ညီစာပေ | မန္တလေး | ၀၂၇၄၄၁၈ |
| ၅။ | ဗိုးကျော် | မန္တလေး | ၀၉၃၁၆၃၅၉၅၈ |
| ၆။ | ရာပြည့် | မန္တလေး | ၀၉၃၁၆၃၅၉၅၈ |
| ၇။ | ဝမာစတိုး | မန္တလေး | ၀၉၃၁၆၃၅၉၅၈ |
| ၈။ | စွမ်းထက်အောင် | မန္တလေး | ၀၉၃၁၆၃၅၉၅၈ |
| | **ရန်ကုန်တိုင်းဒေသကြီး** | | |
| ၉။ | ခိုင်ဇင်ဦး | ပဟန်း | ၀၉၇၉၉၅၃၆၆၅၃ |
| | | | ၀၁၅၅၂၈၀၃ |
| ၁၀။ | ဘိုဘိုမောင် | ပဟန်း | ၀၉၃၁၁၀၉၈၈၆ |
| ၁၁။ | အောင်ကိုကို | ပဟန်း | ၀၉၄၅၀၂၁၅၂၂၅၇ |
| ၁၂။ | မကေခိုင် | ပဟန်း | ၀၉၇၃၀၅၄၀၇၁ |
| ၁၃။ | ကိုကျော်မိုး | ပဟန်း | ၀၉၉၆၁၈၉၆၅၈၀ |
| ၁၄။ | ဦးတင်စိုး | ကျောက်တံတား | ၀၉၂၆၅၉၀၂၂၂၇ |
| ၁၅။ | ဦးစိုးအောင် | ကျောက်တံတား | ၀၁၂၅၃၂၅၅ |
| ၁၆။ | ဦးမြင့်ဦး | ဗိုလ်တထောင် | ၀၉၅၀၈၈၉၂၅ |
| ၁၇။ | မောင်မှူ | ကျောက်တံတား | ၀၉၇၃၀၅၃၉၆၀ |
| ၁၈။ | ဦးအောင်မောင်း | ပန်းဘဲတန်း | ၀၉၈၅၀၁၅၃၈ |
| | | | ၀၁၃၈၁၀၃၄ |
| ၁၉။ | မသန္တာ | မရမ်းကုန်း | ၀၉၂၅၆၃၉၆၈၅၆ |

## တစ်ပတ်အတွင်း ပွဲရလဒ်များ

**ကွန်မြူနတီရှီး**

| | | |
|---|---|---|
| အာဆင်နယ် | ၁-၁ | ချဲလ်ဆီး |

(ပင်နယ်တီတွင် အာဆင်နယ် ၄-၁ ဖြင့် အနိုင်ရ)

**ဂျာမန်စူပါဖလား**

| | | |
|---|---|---|
| ဒေါ့မွန် | ၂-၂ | ဘိုင်ယန် |

(ပင်နယ်တီတွင် ၅-၄ ဖြင့် ဘိုင်ယန် အနိုင်ရ)

**ချန်ပီယံရှစ်ပွဲစဉ်-၁**

| | | |
|---|---|---|
| ဘရစ္စတိုး | ၃-၁ | ဘန်စလေ |
| ဘာတန် | ၀-၁ | ကာဒစ်ဖ် |
| ဖူလ်ဟမ် | ၁-၁ | နော့ဝစ်ချ် |
| အစ်ဆွစ် | ၁-၀ | ဘာမင်ဂမ် |
| ပရက်စတန် | ၁-၀ | ရှက်ဖီးဝင်းစဒေး |
| ကျူပီအာ | ၂-၀ | ရက်ဒင်း |
| ရှက်ဖီးယူနိုက်တက် | ၁-၀ | ဘရန့်ဖို့ဒ် |
| ဝုလ် | ၁-၀ | မစ်ဒယ်ဘရော့ |
| ဗီလာ | ၁-၁ | ဟူးလ်စီးတီး |
| ဘော်လ်တန် | ၂-၃ | လီဒ်စ် |

**ပြင်သစ်လီဂူး-၁ ပွဲစဉ်(၁)**

| | | |
|---|---|---|
| မိုနာကို | ၃-၂ | တူးလော့စ် |
| ပီအက်စ်ဂျီ | ၂-၀ | အေမင့်စ် |
| လိုင်ယွန် | ၄-၀ | စထရာဘော့ |
| မက်ဇ် | ၁-၃ | ဂွင်ဂန့် |
| မွန့်ပယ်လီယာ | ၁-၀ | ကိန်း |
| စိန့်အက်တီယန် | ၁-၀ | နိုက်စ် |
| ထရွိုင်ယက်စ် | ၁-၁ | ရင်းနက်စ် |
| လိုင်လီ | ၃-၀ | နန့်တက်စ် |
| အန်းဂါးစ် | ၃-၂ | ဘော်ဒိုး |
| မာဆေးလ် | ၃-၀ | ဒီဂျွန် |

**နိုင်ငံတကာ ခြေစမ်းပွဲများ**

| | | |
|---|---|---|
| လီဗန်တေး | ၁-၁ | အလာဗက်စ် |
| ဂျီနိုအာ | ၄-၀ | ဟီရန်ဗင်း |
| SPAL | ၁-၁ | ချီယေးဗို |
| ဘွန်းမောက် | ၂-၂ | နာပိုလီ |
| ဒီပို့တီဗို | ၂-၀ | ဝက်စ်ဘရွန်း |
| မာလာဂါ | ၀-၁ | လာဇီယို |
| ခရိုတုန်း | ၂-၂ | ကက်ဂလီယာရီ |
| စတုဂတ် | ၁-၂ | ဘက်တစ် |
| ဟမ်ဘတ် | ၁-၁ | အက်စ်ပန်ညို |
| အော့စဘတ် | ၀-၀ | ပီအက်စ်ဗွီ |
| အဲဗာတန် | ၂-၂ | ဆီဗီလာ |
| ဝုဖ်ဘတ် | ၀-၂ | ဗီအိုရင်တီးနား |
| နယူးကာဆယ် | ၂-၂ | ဗီရိုနာ |
| ဖရိုင်းဘတ် | ၁-၂ | တူရိုနို |
| လက်စတာ | ၂-၁ | ဂလက်ဘတ် |
| လေဗာကူဆင် | ၃-၃ | ဆယ်တာဗီဂို |
| ဆောက်သမ်တန် | ၂-၀ | ဆီဗီလာ |
| ဟော့ဖန်ဟိမ်း | ၃-၀ | ဘိုလော့နာ |
| မိန့်ဇ် | ၀-၀ | တွမ်တီး |
| ပဲလေ့စ် | ၁-၁ | ရော်လ်ကေး |
| ဝက်ဖို့ဒ် | ၀-၀ | ဆိုစီဒက် |
| ဖရန့်ဖတ် | ၃-၀ | ဘက်တစ် |
| လိုက်ပ်ဇစ် | ၁-၂ | စတုတ် |
| ဝါဒါဘရီမင် | ၁-၂ | ဗလန်စီယာ |
| ဆွမ်ဆီး | ၂-၀ | ဆမ်ဒိုးရီးယား |
| လီဗန်တေး | ၃-၀ | ဇာရာဂိုဇာ |
| အီဘာ | ၁-၀ | အိုဗီဒို |
| လီဗာပူး | ၃-၀ | ဘီလ်ဘာအို |
| စပါး | ၂-၀ | ဂျူပင်တပ် |

# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

၂၀၁၇ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင်မိတ္ထီလာမြို့ရှိလေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာမြေပြင်အတတ်သင်လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီး အောင်မြင့်ဦးနှင့် အရာရှိ၊ စစ်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ ဆုပေးပွဲတွင် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းရရှိသော နမ့်စန်လေတပ်စခန်းဌာနချုပ်



အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးကြီးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်စိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။ ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်များဖြစ်သည့် အသင်းလိုက်ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် ဘူးသီးတောင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုများကိုလည်းကောင်း၊ အသင်းငယ်ပြိုင်ပွဲတွင် အမ်းတပ်နယ်(က)အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းတို့၏ ယှဉ်ပြိုင်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းတို့ကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ကြသည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၃၁ ရက် မှ ဩဂုတ် ၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲစတင်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တိုင်းမှူးဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။ ဖွင့်ပွဲတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပထမနေ့ပွဲစဉ်များဖြစ်သည့် တောင်ငူတပ်နယ်အသင်းနှင့် ပန်းတောင်းတပ်နယ်အသင်း၊ ဘုရင့်နောင်တပ်နယ်အသင်းနှင့်ညောင်လေးပင်တပ်နယ်အသင်း၊ အုတ်တွင်းတပ်နယ်အသင်းနှင့် ရေတာရှည်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)မှ သင်တန်းသား၊ သင်တန်းသူများ၏ သရုပ်ပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ကီလိုတန်းအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ သရုပ်ပြအဖွဲ့၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ပင်လောင်းတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုဆုများအသီးသီးပေးအပ်ကြသည်။ အဆိုပါလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

၂၀၁၇ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဩဂုတ် ၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ နယ်မြေခံတပ်ရင်း အားကစားကွင်း၌ပြုလုပ်ရာ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဇော်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့်မိသားစုများတက်ရောက်ကြသည်။ ဦးစွာ ဒုတိယညွှန်ကြားရေးမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများနှင့် ဒိုင်းဆုရရှိသော အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်အသင်းတို့အား ညွှန်ကြားရေးမှူး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၂ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့်အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်များဖြစ်သည့် ၅၂ ကီလို(ဂ)အဆင့်ပြိုင်ပွဲတွင် တောင်ငူတပ်နယ်အသင်းနှင့် ညောင်လေးပင်တပ်နယ်အသင်း၊ ၅၆ ကီလို(ဂ)အဆင့်ပြိုင်ပွဲတွင် ဘုရင့်နောင်တပ်နယ်အသင်းနှင့်ကျောက်ကြီးတပ်နယ်အသင်း၊ ၆၀ ကီလို(ဂ)အဆင့်ပြိုင်ပွဲတွင် တောင်ငူတပ်နယ်အသင်းနှင့် ညောင်လေးပင်တပ်နယ်အသင်း၊ ၆၄ ကီလို(ဂ)အဆင့်ပြိုင်ပွဲတွင် တောင်ငူတပ်နယ်အသင်းနှင့် ဖျူပုံကြီးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော တောင်ငူတပ်နယ်အသင်းအား တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။ အဆိုပါလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



# ပရီးမီးယားလိဂ်ချန်ပီယံဖြစ်အောင် ကြိုးစားသွားမယ်

## မန်ယူကွင်းလယ်ကစားသမားသစ် မာတစ်နှင့် တွေ့ဆုံမေးမြန်းခြင်း

နေမျိုးသူရိန်



မန်ယူအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်ဆီးအသင်းမှ ဆားဘီးယားကွင်းလယ်လူ နီမန်ဂျာမာတစ်ကို ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူအားဖြည့်လိုက်ပြီး မာတစ်မှာ မန်ယူ၏တတိယမြောက် ကစားသမားသစ် ခေါ်ယူမှုဖြစ်လာခဲ့သည်။ သူသည် ချယ်ဆီးတွင်လက်တွဲခဲ့သော နည်းပြမော်ရင်ဟို နှင့်မန်ယူအသင်းတွင် ပြန်လည်ဆုံစည်းရခြင်းဖြစ်ပြီး ဆမ်ဒိုးရီးယားနှင့်ခြေစမ်းပွဲ၌ ပါဝင်ကစားခွင့်ရရှိကာအသင်းနှင့်အံဝင်အောင် ကစားနိုင်ခဲ့သည်။

***မေး- နီမန်ဂျာရေ ပထမဆုံးအနေနဲ့ မန်ယူအသင်းက ကြိုဆိုကြောင်း ပြောချင်ပါတယ်။ မန်ယူအသင်းသားတစ်ဦး ဖြစ်လာတဲ့အတွက် ဘယ်လိုခံစားရပါသလဲ။***

**ဖြေ-** အရမ်းကို ကျေနပ်မိပါတယ်။ မန်ယူအသင်းဟာ ကမ္ဘာပေါ်က အကြီးကျယ်ဆုံးကလပ်အသင်းတွေထဲက တစ်သင်းဖြစ်ပါတယ်။ ဒီလိုကြီးကျယ်တဲ့အသင်းတစ်သင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာရတဲ့အတွက် ကျွန်တော်အရမ်းပျော်ရွှင်မိပါတယ်။ မန်ယူအသင်းက ထူးချွန်တဲ့ကစားသမားတွေရဲ့ အစိတ်အပိုင်းဖြစ်ခွင့်ရခဲ့တယ်။ အသင်းဖော်သစ်တွေနဲ့အတူ ပွဲတွေကစားခွင့်ရဖို့ ကျွန်တော်စောင့်မျှော်နေပါတယ်။

***မေး- ခင်ဗျားဟာ ပရီးမီးယားလိဂ်ချန်ပီယံအသင်းတစ်သင်းကနေ ထွက်ခွာလာခဲ့တယ်။ မန်ယူအသင်းကို ဘာကြောင့် ပြောင်းရွှေ့လာခဲ့တာလဲ။***

**ဖြေ-** ကျွန်တော်ပြောခဲ့သလိုပါပဲ။ မန်ယူအသင်းဟာ ကမ္ဘာပေါ်က အကြီးကျယ်ဆုံးအသင်းတွေထဲမှာ တစ်သင်းအပါအဝင် ဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်က မော်ရင်ဟိုနဲ့အတူ လက်တွဲဖို့လည်း ဆန္ဒရှိခဲ့ပါတယ်။ ဒီလိုနည်းပြရှိနေတဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ဖို့ဆုံးဖြတ်ရတာ အရမ်းလွယ်ကူပါတယ်။ ဆုံးဖြတ်ချက်ချဖို့အရေးမှာ အချိန်အများကြီးယူဖို့ မလိုအပ်ပါဘူး။

***မေး- မော်ရင်ဟိုနဲ့ နောက်တစ်ကြိမ်ထပ်မံလက်တွဲဖို့ အခွင့်အရေးကို ခင်ဗျားဘယ်လောက်အထိ စောင့်မျှော်ထားသလဲ။***

ဖြေ- ကျွန်တော်အရမ်းပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေ အတူတူပြန်လည်လက်တွဲရတော့မှာ ဖြစ်တာကြောင့်ပါ။ မော်ရင်ဟိုက ထူးချွန်တဲ့နည်းပြတစ်ယောက်ပါ။ သူနဲ့အတူ အရင်က လက်တွဲအလုပ်လုပ်ခဲ့စဉ်မှာ သူကအမြဲတမ်းလို ကျွန်တော့်ဆီက အကောင်းဆုံးစွမ်းရည်တွေကို ထုတ်ယူနိုင်ခဲ့ပါတယ်။ သူနဲ့လက်တွဲအလုပ်လုပ်ရင် ကျွန်တော်တိုးတက်လာမှာပါ။ ဒီအတွက် သူနဲ့ပြန်ဆုံရတာကို အရမ်းကျေနပ်ပါတယ်။ ဒီလိုကြီးကျယ်တဲ့အသင်းမှာ ဆုံရတာဖြစ်တာကြောင့်လည်း ပိုပျော်မိပါတယ်။

***မေး- ခင်ဗျားကို မော်ရင်ဟိုခေါ်ယူတာ ဒုတိယအကြိမ်မြောက်ဖြစ်ခဲ့တယ်။ သူကခင်ဗျားကိုတန်ဖိုးထားတာကိုသိရတဲ့အတွက် ခင်ဗျားကို ယုံကြည်မှုတွေ ဖြစ်စေမှာလား။***

**ဖြေ-** သိပ်ကိုဖြစ်စေမှာပေါ့။ နည်းပြတစ်ယောက်က သူ့အသင်းအတွက် ခင်ဗျားကို အလိုရှိမယ်ဆိုရင် ဒါက ကစားသမားအတွက် ကြီးမားတဲ့စိတ် ဓာတ်လှုံ့ဆော်မှုဖြစ်စေမှာပါ။ ဒီအသင်းမှာ နေရာရဖို့ ထိုက်တန်တဲ့အကြောင်း ကျွန်တော် အစွမ်းကုန်ကြိုးစားရမှာ ဖြစ်ပါတယ်။

***မေး- ဘောလုံးရာသီ မစတင်ခင်မှာ မန်ယူကိုအပြီးသတ် ပြောင်းရွှေ့ခွင့်ရခဲ့တဲ့အတွက်ဘယ်လောက်အထိ ကျေနပ်မိသလဲ။ အသင်းဖော်တွေအကြောင်း သိခွင့်ရဖို့ အချိန်ပိုရနိုင်တယ် မဟုတ်လား။***

**ဖြေ-** ဒါကတော့ အသင်းသစ်တစ်သင်းကို ပြောင်းရွှေ့လာရမယ့်သူအနေနဲ့ အရမ်းကိုအရေးကြီးပါတယ်။ နည်းပြရဲ့ အစီအစဉ်တွေနဲ့ အထိုင်ကျဖို့ အချိန်လိုပါတယ်။ အသင်းဖော်တွေနဲ့ အံဝင်ခွင်ကျရှိဖို့လည်း အချိန်လိုပါတယ်။ ဒါကြောင့် ဘောလုံးရာသီမစတင်ခင် မန်ယူကိုပြောင်းရွှေ့နိုင်ခဲ့တဲ့အတွက် ကျွန်တော်အရမ်းကျေနပ်မိပါတယ်။ အထူးသဖြင့် ရီးရဲလ်နဲ့ပွဲမတိုင်ခင် ရောက်လာရတာ တကယ်ကိုကောင်းပါတယ်။ ဒီရာသီမှာ ကျွန်တော်တို့တွေ စုစုစည်းစည်းကြိုးစားပြီး အောင်မြင်မှုရအောင် စွမ်းဆောင်ပြနိုင်မယ်လို့ ကျွန်တော်အသေအချာ ယုံကြည်ထားပါတယ်။

***မေး- ခင်ဗျားက ချယ်ဆီးအသင်းမှာ လေ့ကျင့်ရေးအစီအစဉ်တွေ ပြုလုပ်ခဲ့ပေမယ့် ရာသီကြိုခြေစမ်းပွဲတွေမှာ မကစားခဲ့ရပါဘူး။ ဒီတော့ ခင်ဗျားရဲ့ပွဲတိုးနိုင်မှုနဲ့ကြံ့ခိုင်မှုအခြေအနေက ဘယ်လိုဖြစ်မလဲ။***

**ဖြေ-** ခင်ဗျားတို့ သိမှာပါ။ ကျွန်တော်ကအသင်းနဲ့အတူ လေ့ကျင့်ခဲ့ရခြင်း မရှိပါဘူး။ ကြံ့ခိုင်ရေးနည်းပြနဲ့အတူ တစ်ယောက်တည်း လေ့ကျင့်ခဲ့ရတာပါ။ တစ်ယောက်တည်း လေ့ကျင့်ရတာနဲ့အသင်းနဲ့အတူ လေ့ကျင့်ရတာ မတူပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ဖို့ ကျွန်တော့်မှာ အချိန်တွေရှိခဲ့ပါတယ်။ လက်ရှိအချိန်မှာ ရာနှုန်းပြည့်ကြံ့ခိုင်မှု မပြည့်ဝသေးပေမယ့် မကြာခင်မှာ ပြည့်ဝလာမှာဖြစ်ပါတယ်။

***မေး- မန်ယူအသင်းက အသစ်ခေါ်ယူထားတဲ့ လူကာကူ၊ လင်ဒီလော့ဖ်တို့အကြောင်း ခင်ဗျားသိထားသလား။ လင်ဒီလော့ဖ်က ခင်ဗျားလိုပဲ ဘင်ဖီကာမှာ ကစားခဲ့တာလေ။***

**ဖြေ-** ဟုတ်ကဲ့။ သူတို့ကို ကျွန်တော်သိပါတယ်။ လင်ဒီလော့ဖ်နဲ့ဘင်ဖီကာမှာ အတူကစားခဲ့ဖူးပါတယ်။ လူကာကူနဲ့တော့ အတူတွဲ မကစားခဲ့ဖူးပါဘူး။ သူက ချယ်ဆီးကနေ ကျွန်တော်ပထမတစ်ခါထွက်သွားတုန်းက ရောက်လာခဲ့သူပါ။ ဒါကြောင့် သူနဲ့အတူ လေ့ကျင့်ဖို့၊ အတူတွဲကစားဖို့ အခွင့်အရေး မရခဲ့ပါဘူး။ ဒါပေမဲ့သူ့ကို ကျွန်တော်သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေဟာ ပြိုင်ဘက်တွေအဖြစ် မကြာခဏရင်ဆိုင်ကစားခဲ့ဖူးလို့ပါပဲ။ သူတို့နှစ်ယောက်လုံးကတော့ ထူးချွန်တဲ့ကစားသမားတွေ ဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ ရည်မှန်းချက်တွေအောင်မြင်ဖို့ သူတို့တွေကူညီပေးနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

***မေး- ခင်ဗျားက ချယ်ဆီးနဲ့အတူ နောက်ဆုံး ၃ နှစ်အတွင်းမှာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ၂ ကြိမ်ရရှိထားတယ်ဆိုတော့ ချန်ပီယံဖြစ်အောင် ဘယ်လိုကစားရမယ်ဆိုတာကို နားလည်နေလိမ့်မယ်။ မန်ယူအသင်းဟာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ခံစားရသလား။***

**ဖြေ-** ကျွန်တော်လည်း အဲဒီလိုပဲ ခံစားနေရပါတယ်။ လက်ရှိလူစာရင်းဟာ ချန်ပီယံဆုအတွက် အဆင်သင့်ဖြစ်နေပါပြီ။ ဘာကြောင့်လဲဆိုတော့ မန်ယူအသင်းသားတွေကပိုပြီးရင့်ကျက်လာတယ်။ မော်ရင်ဟိုနဲ့လည်း တစ်နှစ်လက်တွဲပြီးပြီဆိုတော့ ဘာလုပ်ရမယ်ဆိုတာကို သူတို့နားလည်ထားကြမှာပါ။ ဒီရာသီမှာတော့ မနှစ်ကထက် ပိုပြီးတိုးတက်လာမယ်လို့ ကျွန်တော်ယုံကြည်ထားပါတယ်။

***မေး- ခင်ဗျားက ဘယ်လိုကစားသမားမျိုးလဲ။ ခင်ဗျားရဲ့ အကောင်းဆုံးအရည်အသွေးက ဘာများဖြစ်မလဲ။***

**ဖြေ-** ပြောဖို့တော့ ခက်ပါတယ်။ ပရိသတ်တွေကိုပဲ ပြောစေချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့သလိုပေါ့။ ကျွန်တော်က အမြဲတမ်းလိုအစွမ်းကုန်ကြိုးစားကစားပေးတတ်ပါတယ်။ ကွင်းထဲမှာ ကျွန်တော့်ရဲ့အရည်အသွေးရှိသလောက် ကစားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က ဘယ်လိုကစားသမားမျိုးလဲဆိုတာကို ပရိသတ်တွေကိုပဲပြောစေချင်ပါတယ်။

***မေး- ခင်ဗျားကစားတဲ့ ကွင်းလယ်ခံစစ်နေရာက ခေတ်သစ်ဘောလုံးလောကမှာ အရမ်းကိုအရေးကြီးတဲ့ နေရာတစ်ခု ဖြစ်လာတယ်မဟုတ်လား။***

**ဖြေ-** ဟုတ်ပါတယ်။ ဒီနေရာမှာ ကစားတဲ့သူက အသင်းဟန်ချက်ညီစေဖို့ စွမ်းဆောင်ရတာပါ။ သူ့အနေနဲ့ ပွဲကိုထိန်းချုပ်နိုင်ဖို့လိုတယ်။ ဒီအတိုင်းပဲ ကျွန်တော်ကြိုးစားသွားမှာပါ။ တခြားနေရာတွေထက်ပိုပြီး အရေးကြီးတယ်လို့တော့ ကျွန်တော်မပြောချင်ပါဘူး။ ဒါပေမဲ့ ကွင်းလယ်နေရာမှာ ကစားရင် ဘောလုံးက ဘယ်နေရာမှာလဲ။ ကိုယ့်ရဲ့အသင်းက ဘောလုံးကို ဘယ်အချိန်ရမလဲဆိုတာတွေကို သိဖို့လိုပါတယ်။ မိမိအသင်းက တိုက်စစ်ဆင်တဲ့အခါမှာလည်း ပြိုင်ဘက်အသင်း တန်ပြန်တိုက်စစ်ကစားခွင့်မရအောင် ဘယ်လိုတားဆီးရမလဲဆိုတာကိုပါ နားလည်ထားရမှာပါ။

***မေး- ခင်ဗျားနဲ့နိုင်ငံတူတဲ့ ဗီဒစ်ဟာ ဗီမှာဂျ်ဝင် ကစားသမားတစ်ယောက် ဖြစ်ခဲ့တယ်။ သူကခင်ဗျားစောင့်ကြည့်ခဲ့ရတဲ့ ကစားသမားတစ်ယောက်လား။***

**ဖြေ-** ဗီဒစ်က ထိပ်တန်းကစားသမားတစ်ယောက်ဆိုတာ အားလုံးသိပါတယ်။ ကျွန်တော်အားကျခဲ့တဲ့ ကစားသမားတွေထဲမှာ သူလည်းပါဝင်တယ်။ ဆားဘီးယားအသင်းကို ကျွန်တော်စရောက်တော့ သူက အသင်းခေါင်းဆောင်ပါ။ သူနဲ့ကလပ်တူဖြစ်လာတာ ကျေနပ်ပါတယ်။ သူစွမ်းဆောင်ပြခဲ့တဲ့အတိုင်း ကျွန်တော်ကြိုးစားသွားမှာပါ။

***မေး- မန်ယူကစားသမားဘဝမှာ တစ်ဦးချင်းနဲ့ အသင်းလိုက် ဘယ်လိုအောင်မြင်မှုတွေရမယ်လို့ မျှော်လင့်ထားသလဲ။***

**ဖြေ-** အသင်းလိုက်အနေနဲ့ ကျွန်တော်တို့အများကြီးလုပ်ပြနိုင်မှာပါ။ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်အောင် ကြိုးစားသွားမယ်။ ချန်ပီယံလိဂ်မှာလည်း ဒီအတိုင်းပါပဲ။ ဖြစ်နိုင်ရင်တော့ ပွဲစဉ်တိုင်းကိုအနိုင်ကစားသွားချင်ပါတယ်။

***မေး- ဒီမှာရှိတဲ့ ကစားသမားတွေထဲက ဘယ်သူ့ကို ကောင်းကောင်းသိသလဲ။ ဘယ်သူတွေကအထိုင်ကျအောင် ကူညီပေးကြသလဲ။***

**ဖြေ-** ဒီမှာရှိတဲ့ ကစားသမားတော်တော်များများကို ကျွန်တော်သိပါတယ်။ အထူးရင်းနှီးတာကတော့မာတာပါပဲ။ မန်ယူအသင်းမှာ လျင်လျင်မြန်မြန် အထိုင်ကျသွားမယ်လို့ မျှော်လင့်ပါတယ်။

***မေး- ခင်ဗျားက ဥရောပစူပါဖလားပြိုင်ပွဲမှာ ရီးရဲလ်နဲ့ရင်ဆိုင်ရတော့မယ်။ သိပ်ကောင်းတဲ့ရာသီအစဖြစ်နေမှာပေါ့။***

**ဖြေ-** မှန်ပါတယ်။ ဒီပွဲက ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ မန်ယူနဲ့ရီးရဲလ်တို့ဟာအသင်းကြီးတွေပါ။ ဒီပွဲကို တစ်ကမ္ဘာလုံး စောင့်ကြည့်နေကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ရဲ့အရည်အသွေးကို သူတို့နဲ့စမ်းသပ်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ သူတို့က ချန်ပီယံလိဂ်ချန်ပီယံဖြစ်တဲ့အတွက် ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ ကျွန်တော်တို့ဟာ အဲဒီပွဲအတွက် အဆင်သင့်ဖြစ်နေမှာပါ။

***မေး- နောက်ဆုံးမေးခွန်းပါပဲ။ ဒီအင်တာဗျူးကို ဖတ်နေမယ့် တစ်ကမ္ဘာလုံးက သန်းနဲ့ချီမယ့် မန်ယူပရိသတ်တွေအတွက် ဘာပြောချင်သလဲ။***

**ဖြေ-** ကျွန်တော်ပြောချင်တာကတော့ သူတို့ပျော်ရွှင်အောင် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားသွားမယ်ဆိုတာပါပဲ။ ဒီရာသီမှာ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်အောင် ကြိုးပမ်းသွားမှာပါ။



# ကျွန်တော်ကစားခဲ့တဲ့ မေ့မရသောဘောလုံးပွဲ(၁)

■ ဇော်မြင့်(တက္ကသိုလ်များ)

ကျွန်တော်ဟာ ဘောလုံးသမား ဟောင်းတစ်ယောက်ဖြစ်တာမို့ ဘောလုံးနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ ဖြစ်ရပ်ဆန်းတွေ၊ ဖြစ်ရပ်မှန်လေးတွေကို သူငယ်ချင်းတွေ၊ ဘောလုံးချစ်တဲ့ မိတ်ဆွေတွေကို စီကာပတ်ကုံးပြောပြလေ့ရှိပါတယ်။ နောက်ပိုင်းခင်မင်ရင်းနှီးသူ အားကစားဂျာနယ်က မိတ်ဆွေတွေ၊ မီဒီယာတွေရဲ့တိုက်တွန်းမှုကြောင့် ဆောင်းပါးလေးတွေရေးဖြစ်ခဲ့တာမှာ အဲဒီဖြစ်ရပ်မှန်လေးတွေကို ပြန်လည်ဖော်ပြတဲ့အခါ ပရိသတ်သဘောကျတာကို ပြန်လည်သိရပါတယ်။ အဲဒါကြောင့် မှတ်မိသမျှအတွေ့အကြုံလေးတွေကို ရေးသားခဲ့တာ ပြီးခဲ့တဲ့အပတ်က ဘောလုံးပွဲတွေမှာ ရန်ဖြစ်ခဲ့ရတဲ့အကြောင်းရေးတော့ ဆရာသမားတစ်ယောက်က မှတ်ချက်ပေးပါတယ်။ မင်းက သူများအကြောင်းတွေရေးနေတာ ကိုယ့်အကြောင်းလဲ ကိုယ်ရေးလေကွာ၊ မင်း မင်္ဂလာဆောင်တုန်းက ဘောလုံးပွဲနဲ့ တိုက်ဆိုင်နေတာလေး ပြန်ရေးပါကွလို့ တိုက်တွန်းပါတယ်။ အဲဒီဆရာသမားက ကျွန်တော်တို့အကောက်ခွန်မှာ ကစားစဉ်က အုပ်ချုပ်သူလုပ်ခဲ့ဖူးတဲ့ ကျေးဇူးရှင်ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)ပဲ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်၊ မတ်လ ၁၂ ရက်မှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး မင်္ဂလာဆောင်တဲ့နေ့ဖြစ်ပါတယ်။ အရေးအခင်းကာလဖြစ်ပေမယ့် အမှတ်ပေးဘောလုံးပြိုင်ပွဲကို ပြီးဆုံးအောင်ကျင်းပခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာဆောင်မယ့်ရက်မှာ အင်မတန်အရေးကြီးတဲ့ဘောလုံးပွဲနဲ့ တိုက်ဆိုင်နေခဲ့ပါတယ်။ မင်္ဂလာဆောင်က ကမ်းနားဟိုတယ်(Stand Hotel)မှာ နေ့လယ် ၁ နာရီကနေ ညနေ ၃ နာရီအထိဖြစ်ပါတယ်။ ဘောလုံးပွဲကလည်း မဟာပြိုင်ဘက် တပ်မတော်(ကြည်း)နဲ့ ညနေ ၄ နာရီခွဲ အောင်ဆန်းကွင်းမှာဖြစ်ပါတယ်။ မင်္ဂလာဆောင်က စထရင်းဟိုတယ်မှာ Booking လုပ်ရတာ ၅ လ ကျော်ကတည်းကပါ။ ဘောလုံးပွဲက ပွဲစဉ်ဇယားက ဒီပွဲမတိုင်ခင် တစ်လအလိုမှဆွဲတာ။ ကြိကြိဖန်ဖန် တိုက်ဆိုင်လို့နေပါတယ်။

ဘောလုံးပြိုင်ပွဲကလည်း ပထမတန်းအမှတ်ပေးပြိုင်ပွဲ။ အသင်း ၁၀ သင်းရှိကြရမှာ တစ်သင်းကို ၉ ပွဲကစားကြရတယ်။ တပ်မတော်(ကြည်း)နဲ့ ပို့ဆက်ရေကြောင်းက ၈ ပွဲစီကစားပြီးကာ တပ်မတော်(ကြည်း)က ၁၃ မှတ် ပို့ဆက်(ရေကြောင်း)က ၁၄ မှတ်ရထားကြတယ်။ ကျွန်တော်တို့က ၇ ပွဲကစားပြီး ၁၂ မှတ်ပဲရထားတယ်။ ၂ ပွဲကျန်တာက အခုကစားမယ့် တပ်မတော်(ကြည်း)နဲ့ နောက်ဆုံးကစားရမှာက ပို့ဆက်(ရေကြောင်း)ဖြစ်တယ်။ အခုပွဲ တပ်မတော်(ကြည်း)က ကျွန်တော်တို့ကို နိုင်ရင် ၁၅ မှတ် ဗိုလ်စွဲဖို့ အလားအလာရှိတယ်။ ပို့ဆက်(ရေကြောင်း)က နောက်ဆုံး ကျွန်တော်တို့နဲ့ ၁ ပွဲကျန်ဆိုတော့ ပွဲကျပ်တာပေါ့။ အဲဒီခေတ်တုန်းက နိုင်ရင် ၂ မှတ်၊ သရေ ၁ မှတ်ရတဲ့ခေတ်ပါ။ အခုလို အနိုင် ၃ မှတ်မဟုတ်သေးပါဘူး။ ဒီတော့ အခုတပ်မတော်(ကြည်း)နဲ့ပွဲက အရေးကြီးပါတယ်။ ကျွန်တော်ကလည်း ပွဲတိုင်းလိုလိုတွေသွင်းနိုင်ခဲ့ပြီး First Line up ဖြစ်တာမို့ ဒီပွဲက မဖြစ်မနေကစားရမယ့်သူပါ။ မင်္ဂလာဆောင်ဆိုတာကလည်း မနက်ကတည်းကအလုပ်ရှုပ်နေတာပါ။ မနားရဘူး။ မင်္ဂလာဆောင်ပြီးရင်တောင် ဓာတ်ပုံတွေဘာတွေရိုက်၊ ကြိုးတားကြနဲ့ ဘောလုံးပွဲနဲ့အချိန်ကိုက်ဖြစ်နေတယ်။ ဒီပွဲမတိုင်ခင်မှာ ကြမ္မာဆိုးဝင်တာကတော့ အောက်ဆုံးအသင်းဖြစ်တဲ့ ဆိပ်ကမ်းအသင်းကို အမှတ်မထင်ရှုံးလိုက်တယ်။ ဒီတော့ အမှတ်အများဆုံးအသင်းဖြစ်တဲ့ ပို့ဆက်(ရေကြောင်း)ထက် တစ်မှတ်လျော့သွားတယ်။ အဲဒီအချိန်မှာ မင်္ဂလာဆောင်ဖိတ်စာလေးကို အခြားဧည့်သည်တွေဖိတ်ရင်း ဘောလုံးအသင်းအုပ်ချုပ်သူ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)ကို ဝင်ဖိတ်ပါတယ်။ နည်းပြဆရာ ဂျွန်စတီးနဲ့ နှစ်ယောက်ဝင်တွေ့တာ။ ဗိုလ်မှူးက ဖိတ်စာကို လှန့်ပစ်ပြီး ဆဲပါလေရော။ အမြစ်က Uniform Service မှာ လက်ထပ်ခွင့်ကြိုမတောင်းရကောင်းလားဆိုပြီး အရေးယူမယ်လုပ်ပါတယ်။ အမှန်က အထက်ကတင်ပြခဲ့သလို ဘောလုံးပွဲ အခြေအနေမကောင်းလို့ ဖြစ်ပါတယ်။ ဖိတ်စာလေးကို ဆရာဂျွန်စတီးက ပြန်ကောက်ပြီး စားပွဲပေါ် တင်လိုက်ရင်း ဗိုလ်မှူးကိုတောင်းပန်စကားပြောတယ်။ ဗိုလ်မှူးကမောင်းထုတ်တယ်။ အဲဒီနေ့ တပ်မတော်(ကြည်း)အသင်းကို မနိုင်ရင် မင်းရော၊ ခင်ဗျားတို့ကိုရော အရေးယူမယ်လို့ပြောတယ်။ ကျွန်တော်လည်း တော်တော်စိတ်မကောင်းဖြစ်မိတယ်။ ကြောက်တာလည်းပါတယ်။ အဲဒီတုန်းက နည်းပြဆရာဦးရဲညွန့်နဲ့ ဆရာဂျွန်စတီး၊ အကြံပေးနည်းပြက ဆရာကြီးဦးစိန်လှိုင်ဖြစ်ပါတယ်။ ဒီလိုနဲ့ ဘောလုံးပွဲနေ့ရောက်လာတယ်။ ဆရာ ဦးရဲညွန့်က ငါ့တပည့် ဘာမှစိတ်ထဲမထားနဲ့ မင်္ဂလာဆောင်အေးဆေးလုပ်ပါ၊ ပြီးတဲ့အချိန်တော့ ရောက်အောင်လာခဲ့၊ မင်းကို Second Line up တော့ ငါထည့်ထားမယ်တဲ့။ အဲဒါနဲ့ မင်္ဂလာဆောင်ကို ကျင်းပခဲ့တယ်။ စိတ်မကောင်းတာက ကစားဖော်ကစားဖက်တွေ တစ်ယောက်မှမလာနိုင်ကြဘူး။ ဒါပေမဲ့ အုပ်ချုပ်သူ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)တော့ ရောက်လာတယ်။

မင်္ဂလာဆောင်ပြီးတော့ အဝမှာ လူကြီးတွေ၊ ဧည့်သည်တွေကို နှုတ်ဆက်တယ်။ အဲဒီခေတ်က သမဝါယမဝန်ကြီးဦးသန်းလှိုင်နဲ့ဇနီးတို့က ပန်းကုံးစွပ်တယ်။ သူတို့ကို နှုတ်ဆက်နေပေမယ့် သူတို့အနောက်မှာ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)နဲ့ အန်ကယ်ဦးလှကြိုင်(ဆရာဦးခင်မောင်ကြိုင်ဖခင်)တို့ စကားပြောပြီးပါလာတယ်။ ဝန်ကြီးတို့လည်း နှုတ်ဆက်အပြီး အခြားဧည့်သည်လူကြီး လေးငါးယောက်အပြီးမှာ ဗိုလ်မှူးက နှုတ်ဆက်တယ်။ သူက "မင်းကိုပြောမယ်၊ မင်္ဂလာရှိတဲ့အချိန်မှာ မင်္ဂလာစကားပြောမယ်၊ ငါတို့ဒီနေ့ နိုင်မလား၊ မနိုင်ဘူးလားပြော"တဲ့။ ကျွန်တော်ကလည်း "နိုင်မယ်ဗိုလ်မှူး"လို့ပြောတော့ အေးကောင်းပြီ။ ဒီနေ့မင်း ဘောလုံးပွဲကို မလာနဲ့တော့ဆိုပြီး ပြန်သွားတယ်။ ဘဘဦးလှကြိုင်က အချိန်မီရင်တော့ လာပေါ့မောင်ဇော်မြင့်ရေလို့ နှုတ်ဆက်သွားတယ်။

မင်္ဂလာဆောင်ပြီး အိမ်ပြန်ရောက်တော့ အိပ်ရာအခမ်းအနားတွေနဲ့ ဓာတ်ပုံရိုက် ဘာညာနဲ့ ရှုပ်နေတာပေါ့။ ဒါပေမဲ့ သူငယ်ချင်းရဲ့ လေးဘီးကားက အဆင်သင့်စောင့်နေတယ်။ မနက်ကတည်းက ဘောလုံးကန်ပစ္စည်းတွေကို Kit အဆင်သင့် အိတ်ထဲထည့်ထားပြီးသား။ အဝတ်အစားလဲပြီး အောင်ဆန်းကွင်းကို ထွက်ခဲ့တယ်။ အခုလိုကားတွေမရှုပ်တော့ နည်းနည်းအဆင်ပြေတာပေါ့။ အောင်ဆန်းကွင်းရောက်တော့ ၄ နာရီ ၁၅ မိနစ်လောက်ရှိတော့မယ်။ ကွင်းထဲတိုက်ရိုက်ဝင်သွားတော့ ပွဲရလဒ်က ဂိုးမရှိသရေဖြစ်ပေမယ့် ပင်နယ်တီပေးလိုက်တာတွေ့ရတယ်။ ဘာကြောင့်လဲတော့မသိဘူး။ ကန်မယ့်တပ်မတော်(ကြည်း)နောက်တန်းက ကိုဝင်းမြင့်က အသင့်နေရာယူထားတယ်။ ကျွန်တော်တို့အကောက်ခွန်ဂိုးသမားက အောင်ကျော်ကျော်။ ဂိုးတိုင်အောက်မှာ မလှုပ်မယှက်။ ဒိုင်ခရာမှုတ်တယ်။ ကန်တယ်။ ဂိုးဝင်သွားတယ်။ ပထမပိုင်း ကျွန်တော်တို့ ၁ ဂိုးရှုံးနဲ့နေတယ်။ ပထမပိုင်းပြီး Dress Room ထဲမှာ မှာစရာရှိတာတွေမှာနေကြတယ်။ နောက်ဆက်ကစားဖို့ ကွင်းထဲဝင်သွားကြတော့ ကျွန်တော်တစ်ယောက်တည်း အခန်းထဲမှာသွေးပူလုပ်တယ်။ ဘယ်သူ့ကိုမှလည်း မပြောဘူး။ ဗိုက်ကလည်းဆာလိုက်တာ။ နောက်မိနစ် ၂၀ လောက်ကျတော့ အသင်းကခိုင်းတဲ့ကောင်းလေး ဂေါင်ဂေါင်က အစ်ကိုရေ ဆရာခေါ်ခိုင်းတယ်တဲ့။ ကျွန်တော်လည်း ဘောလုံးကန်ဖိနပ်လဲဝတ်ပြီး ကွင်းထဲဝင်လာတယ်။ ဆရာဦးရဲညွန့်က မင်း ၂၅ မိနစ်လောက်ပဲကစားရမှာဆိုပြီး ကစားရမယ့် အနေအထားတွေမှာပြီး ညီညီလွှင်နဲ့လဲလိုက်တယ်။ ကျွန်တော်ဝင်လာတော့ ပရိသတ်က လက်ခုပ်တီးကြသလို တချို့ကလည်း မရတော့ဘူး၊ စိတ်လျှော့ ဟေ့ကောင်တွေဆိုပြီး အော်ကြတယ်။

ကျွန်တော်ကစားခွင့်ရတာ ၂၅ မိနစ်လေးပဲဆိုပေမယ့် ကျွန်တော်အရမ်းကစားပစ်လိုက်တယ်။ ရှေ့တန်းညာအစွန်လူဆိုတော့ တပ်မတော်(ကြည်း)အသင်းက ဘယ်နောက်ခံလူ မောင်ညို ကျွန်တော့်ကို ဘယ်လိုမှ မထိန်းနိုင်ဘူး။ အလုံးတိုင်း ကျွန်တော်လိမ်ခေါက်နိုင်ခဲ့တယ်။ ၁၀ မိနစ်လောက်မှာ ကျွန်တော်ကျုံထွက်သွားပြီး ဂိုးသမားကိုပါလိမ်လိုက်တာ ဘေးက ကစားဖော်ခင်မောင်ထွေးပြေးပိတ်ပြီး ချေပဂိုးသွင်းလိုက်တယ်။ ကွင်းလုံးပြည့်ပရိသတ်တွေ အော်ဟစ်အားပေးကြတယ်။ ပွဲပြီးတော့ တပ်မတော်(ကြည်း)နဲ့ ၁ ဂိုးစီသရေကျသွားတယ်။

ပွဲအပြီး အဝတ်အစားလဲခန်းမှာ ဗိုလ်မှူးဆူပူကြိမ်းမောင်းပါလေရော။ ဘောလုံးသမားတွေအားလုံးမတ်တတ်ရပ်နေပြီး တစ်ဖက်မှာ သူနဲ့နည်းပြတွေ။ အဲဒီမှာ ဇော်မြင့်ထွက်ခဲ့စမ်းတဲ့။ ကျွန်တော်လည်းရှေ့ထွက်တော့ မင်းဒီဘက်ကိုလာဆိုပြီး ကျန်တဲ့သူတွေကို "ငါဒီကောင့်မင်္ဂလာဆောင်သွားတယ်၊ မလာခဲ့ဖို့မှာခဲ့တယ်၊ ဒီကောင်မလာရင် ငါတို့ရှုံးပြီ"ဆိုပြီးဆူပူတာပေါ့။ ကျွန်တော်ကိုယ်ရည်သွေးတာမဟုတ်ပါဘူး၊ ကြွားတာမဟုတ်ပါဘူး။ အဲဒီပွဲကြည့်လိုက်ရတဲ့ပရိသတ်တွေ၊ ကျွန်တော်တို့ ရုံးကဆရာသမားတွေအားလုံး သိကြပါတယ်။ တပ်မတော်(ကြည်း)နည်းပြ ဗိုလ်ကြီးကျော်သောင်းကတောင် အမြဲပြောလေ့ရှိတယ်။ ငါတို့အသင်းကို အမြဲဒုက္ခပေးတာ ဇော်မြင့်ဆိုတဲ့အကောင်ပေါ့တဲ့။ အဲဒီတုန်းက တပ်မတော်(ကြည်း)အသင်းက ကိုကြည်လွင်၊ ကိုဝင်းမြင့်၊ ကိုထွန်းတင့်အောင်တို့သိကြပါတယ်။ ကျွန်တော့်ဘဝရဲ့ မှတ်ကျောက်တင်ရတဲ့ပွဲတစ်ပွဲပါပဲ။ နောက်ဆုံး ပို့ဆက်(ရေကြောင်း)နဲ့ ဗိုလ်လုပွဲသဘောမျိုး တစ်ပတ်အကြာမှာကန်ကြရတယ်။ သူတို့က ၁၅ မှတ်။ ကျွန်တော်တို့က ၁၄ မှတ်။ သူတို့က သရေဆိုရင်တောင် ပထမရပြီး ကျွန်တော်တို့က နိုင်မှဖလားရမှာမို့ ကျွန်တော်တို့အတွက် အင်မတန်အရေးကြီးပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အသင်းမှာလည်း စည်းကမ်းဖောက်လို့အရေးယူဖို့လေးငါးယောက်ရှိတယ်။ ကျွန်တော်ရယ်၊ နေလင်းရယ်ကလည်း ရာထူးတိုးစာမေးပွဲဖြေကြရတော့မယ်။ အဲဒီမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)က နောက်ဆုံး(ရေကြောင်း)နဲ့ ကစားခါနီး မမှာရုံကိုလာပြီး စကားပြောတယ်။ မင်းတို့ဒီနေ့နိုင်လို့ ဖလားရရင် ဟိုကောင်တွေကိုလည်း အပြစ်ကကင်းလွတ်ခွင့်ပြုမယ်။ ဇော်မြင့်နဲ့ နေလင်းလည်း စာမေးပွဲဖြေစရာမလိုဘူး။ ရာထူးတိုးပေးမယ်။ မင်းတို့အနိုင်ချကြတဲ့။

အဲဒီပွဲမှာ တစ်ဂိုးနဲ့အနိုင်ရဗိုလ်စွဲသွားတယ်။ အနိုင်ဂိုးကို ကျွန်တော်သွင်းခဲ့ပါတယ်။ ပွဲပြီးတော့ ကစားဖော်တွေ အရေးယူမခံရတော့ဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ နေလင်းကတော့ အရေးအခင်းခံသွားလို့ ရာထူးတိုးမဖြေလိုက်ရဘူး။

ကျွန်တော့်ရဲ့ဘောလုံးသမားဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ အရေးကြီးဘောလုံးပွဲနဲ့ မင်္ဂလာဆောင်တိုက်ဆိုင်ပုံလေးပါ။ နောက်တစ်ပတ်လည်း မေ့မရသောဘောလုံးပွဲတစ်ပွဲ ဆက်လက်တင်ပြပါဦးမယ်။

# မီတာ ၁၀၀ နောက်ဆုံးပွဲစဉ်တွင် အူစိန်ဘော့ ကြေးတံဆိပ်နှင့်သာကျေနပ်ရ

## လန်ဒန်ချန်ပီယံရှစ် မီတာ ၁၀၀ ချန်ပီယံဆုကို ဂျပ်စတင်းဂက်တလင်း ဆွတ်ခူးရယူ

ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် ကျော်ကြားခဲ့သော ဂျမေကာတာတိုအပြေးချန်ပီယံအူစိန်ဘော့သည် လန်ဒန်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ၊ မီတာ ၁၀၀ ပြေးပွဲတွင် ကြေးတံဆိပ်ဆုနှင့်သာကျေနပ်ခဲ့ရပြီး သူ၏မီတာ ၁၀၀ နောက်ဆုံးပွဲစဉ်တွင် အရှုံးနှင့်နှုတ်ဆက်ခဲ့ရသည်ဟု သိရှိရသည်။ လန်ဒန်ချန်ပီယံရှစ်အပြီးတွင် အားကစားသမားဘဝမှ အနားယူမည်ဟု ကြေညာထားခဲ့သော အူစိန်ဘော့ကို လန်ဒန်မြို့၊ အိုလံပစ်ကွင်းအတွင်းမှ ပရိသတ်များက အနိုင်ရရှိစေချင်သော်လည်း အူစိန်ဘော့မှာ ခရစ္စတီယန်ကိုးမန်းနှင့်အပြိုင်ဖြစ်နေစဉ် အမေရိကန်သားဂျပ်စတင်းဂက်တလင်းအနိုင်ရဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း မီတာ ၁၀၀ ပြေးပွဲတွင်အမြန်ဆုံးပြေးထားခဲ့သော အသက် ၂၁ နှစ်အရွယ်ကိုးမန်းသည် တာထွက်ကောင်းမွန်ခဲ့သော်လည်း မီတာ ၅၀ ကျော်ချိန်တွင် အူစိန်ဘော့နှင့်အပြိုင်ဖြစ်နေရာမှ အပြင်ဘက်လမ်းကြောင်းမှဂက်တလင်း မထင်မှတ်ဘဲ အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ အေသင်အိုလံပစ်၊ မီတာ ၁၀၀ ပြေးပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော်လည်း တားမြစ်ဆေးသုံးစွဲမှုကြောင့် ၂ ကြိမ်တိုင်တိုင်ဆေးကျခဲ့ဖူးသော ဂက်တလင်းသည် ပရိသတ်များလှောင်ပြောင်မှုများကြားမှ ၉ ဒသမ ၉၂ စက္ကန့်ဖြင့်ပြေးကာ ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂက်တလင်းနောက်တွင် ခရစ္စတီယန်ကိုးမန်းက ၉ ဒသမ ၉၄ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုရရှိခဲ့ပြီး အူစိန်ဘော့က ၉ ဒသမ ၉၅ စက္ကန့်ဖြင့် တတိယ၊ ယိုဟန်ဘလိတ်က ၉ ဒသမ ၉၉ စက္ကန့်ဖြင့်ပြေးကာ စတုတ္ထနေရာ ရရှိခဲ့သည်။ " ပန်းဝင်ခါနီးမှာ ကျွန်တော်ပြေးအားမြှင့်တင်ခဲ့တယ်။ ဒါပေမဲ့ မရခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ဆင်ခြေပေးစရာ မရှိပါဘူး။ ဂက်တလင်းက တကယ်ထူးချွန်တဲ့ ပြိုင်ဘက်တစ်ယောက်ပါ" ဟု အူစိန်ဘော့က ပြောဆိုသည်။ ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဂက်တလင်းက " ကျွန်တော်ကထိုက်တန်တဲ့ချန်ပီယံတစ်ယောက်လို့ အူစိန်ဘော့က ချီးကျူးခဲ့တယ်။ လှောင်ပြောင်မှုတွေကို တွန်းအားအဖြစ်ကျွန်တော်အသုံးပြုခဲ့တယ်။ ဒီလိုလှောင်ပြောင်ခံရဖို့ မထိုက်တန်ပါဘူး" ဟု ဖွင့်ဟခဲ့သည်။



## ဂျော်ရှအာနှင့်လူးဝစ်အော်တစ်တို့ ထိုးသတ်မည်

ဗြိတိန်ဟဲဗီးဝိတ်ချန်ပီယံ အန်တိုနီဂျော်ရှအာသည် ကျူးဘားမှလူးဝစ်အော်တစ်နှင့်ယှဉ်ပြိုင်ထိုးသတ်ကာ ဒဗလျူဘီအေကမ္ဘာ့ချန်ပီယံဘွဲ့ကို ကာကွယ်ရတော့မည်ဟု သိရှိရသည်။ အသက် ၂၇နှစ်အရွယ်ရှိလူးဝစ်အော်တစ်သည် ယူကရိန်းလက်ဝှေ့သမားဝလာဒီမာကလစ်ချ်ကိုနှင့်ဒုတိယမြောက်မကျေပွဲ ထိုးသတ်ရန် စီစဉ်ထားခဲ့သော်လည်း ကလစ်ချ်ကိုမှာလက်ဝှေ့သမားဘဝမှအနားယူသွားခဲ့ရာ ဂျော်ရှအာမှာ သူ၏ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို ကာကွယ်ရတော့မည်ဖြစ်သည်။ ဂျော်ရှအာသည် ကျူးဘားလက်ဝှေ့သမားလူးဝစ်အော်တစ်နှင့် စက်တင်ဘာလ ၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့သည်။ အသက် ၃၈ နှစ်ရှိပြီဖြစ်သော လူးဝစ်အော်တစ်သည်သူ၏လက်ဝှေ့သမားဘဝတွင် နိုင်ပွဲ ၂၇ ပွဲ ရရှိထားရာ ၂၃ ပွဲကို အလဲထိုးအနိုင်ရရှိခဲ့သူဖြစ်သည်။ ဂျော်ရှအာသည် ဧပြီလက ဝင်ဘလေကွင်းတွင် ကလစ်ချ်ကိုနှင့်ရင်ဆိုင်ခဲ့ရာ၌ အနိုင်ရခဲ့သူဖြစ်သည်။

## ယခုနှစ်ကုန်အထိ ဝေါ်ရင်ကာ အနားယူရမည်

ယူအက်စ်အိုးပင်းချန်ပီယံစတန်ဝေါ်ရင်ကာသည် ယခုလနှောင်းပိုင်းတွင် နယူးယောက်၌ ကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ဘဲ ၂၀၁၈ ခုနှစ်အထိ အနားယူရတော့မည်ဟု သိရှိရသည်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်သော ဝေါ်ရင်ကာသည် ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရာ ယခုနှစ်ကုန်အထိ အနားယူရရန် သေချာသွားခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်တင်းနစ်သမားဝေါ်ရင်ကာသည် ပြီးခဲ့သည့်လကယှဉ်ပြိုင်ခဲ့သော ဝင်ဘယ်ဒန်ချန်ပီယံရှစ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲ၌ ရုရှားမှမက်ဗီဒက်ကိုအရေးနိမ့်ခဲ့သည်။ " ကျွန်တော်က ဒီအားကစားနည်းကို ချစ်မြတ်နိုးပါတယ်။ ထိပ်တန်းအဆင့်ကို ပြန်လည်ရောက်ရှိဖို့အတွက်နဲ့ နောက်ထပ်နှစ်ပေါင်းများစွာဆက်လက်ကစားနိုင်ဖို့အတွက် ကျွန်တော် ပြင်းပြင်းထန်ထန် ကြိုးစားသွားမှာပါ။ ဆရာဝန်တွေနဲ့ဆွေးနွေးပြီးတဲ့နောက် ဒူးဒဏ်ရာကိုခွဲစိတ်ခဲ့တာပါ" ဟု ဝေါ်ရင်ကာက ဆိုခဲ့သည်။

# အမျိုးသမီးတာတိုပြေးပွဲတွင် အမေရိကန်မှတိုရီဘိုဝီ ရွှေတံဆိပ်ဆု ရယူ

## မီတာ ၁၀၀ ပြေးပွဲများတွင် အမေရိကန်နိုင်ငံသားများက ဂျမေကာကို အသာစီးရခဲ့

လန်ဒန်ပြေးခုန်ပစ်ကမ္ဘာ့ချန်ပီယံရှစ် အမျိုးသမီးမီတာ ၁၀၀ ပြေးပွဲတွင် အမေရိကန်အပြေးမယ်တိုရီဘိုဝီက ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့သည်ဟု သိရသည်။ လက်ရှိအိုလံပစ်ချန်ပီယံဂျမေကာအပြေးမယ်အီလိနီသွမ်မဆင်မှာ ယခုပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲရန် ရေပန်းစားခဲ့သော်လည်း ဆုတံဆိပ်မရဘဲ အဆင့် ၅ နေရာနှင့်သာကျေနပ်ခဲ့ရသည်။ အမျိုးသားမီတာ ၁၀၀ ပြေးပွဲတွင် ဂျမေကာမှ အူစိန်ဘော့ကို အမေရိကန်မှဂက်တလင်း အနိုင်ယူခဲ့ပြီးနောက် အမျိုးသမီးပြိုင်ပွဲတွင်လည်း အမေရိကန်အပြေးမယ်ကဂျမေကာအပြေးမယ်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ အိုလံပစ်တွင် ငွေတံဆိပ်ဆုသာရရှိခဲ့သော တိုရီဘိုဝီသည် ယခုပြိုင်ပွဲတွင် ၁၀ ဒသမ ၈၅ စက္ကန့်ဖြင့်ပြေးကာ ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အိုင်ဗရီကို့စ်အပြေးမယ်မာရီတာလူက ၁၀ ဒသမ ၈၆ စက္ကန့်ဖြင့် ဒုတိယ၊ နယ်သာလန်အပြေးမယ်ရှစ်ပါက ၁၀ ဒသမ ၉၆ စက္ကန့်ဖြင့် တတိယဆုများ ရရှိခဲ့ကြသည်။ ၂၀၁၇ ခုနှစ်အတွင်းကမ္ဘာ့အမြန်ဆုံးအမျိုးသမီးဖြစ်ခဲ့သည့် သွမ်မဆင်မှာ အဆင့် ၅ နေရာသာရရှိခဲ့သည့်အတွက်နောက်ဆုံး ၉ နှစ်လုံးတွင် တာတိုချန်ပီယံဆုများအား ဂျမေကာအပြေးသမားများသာ လွှမ်းမိုးရယူထားနိုင်ခဲ့ခြင်း အဆုံးသတ်သွားခဲ့သည်။




# SHORT NEWS

- တောင်ကိုရီးယားဂေါက်သီးရိုက်အားကစားမယ်ကင်အင်ကွမ်သည် ဗြိတိန်အိုးပင်းအမျိုးသမီးဂေါက်သီးပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သည်ဟု သိရသည်။
- လန်ဒန်ပြိုင်ပွဲ၊ မီတာ ၁၀၀ ပြေးပွဲ၌ ရွှေတံဆိပ်ရခဲ့သော ဂက်တလင်းကို ပရိသတ်များက အော်ဟစ်လှောင်ပြောင်မှုများပြုလုပ်ခဲ့ကြရာ လေးစားမှုကင်းမဲ့သော လုပ်ရပ်ဖြစ်သည်ဟု ဂက်တလင်း၏ဖခင်က ဝေဖန်သည်။

## ချက်ဆိုင်ကယ်စီးပြိုင်ပွဲတွင် စပိန်မှမားကွက်ဇ် အနိုင်ရ

ကမ္ဘာ့ချန်ပီယံမားကွက်ဇ်သည် ချက်နိုင်ငံတွင် ကျင်းပခဲ့သည့်မော်တော်ဂျီပီဆိုင်ကယ်စီးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိကာ အမှတ်ပေးဇယားရပ်တည်မှုတွင် ၁၄ မှတ်အသာဖြင့်ထိပ်ဆုံးမှ ဆက်လက်ရပ်တည်နိုင်ခဲ့သည်ဟု သိရှိရသည်။ စပိန်လူမျိုးဖြစ်ပြီး ဟွန်ဒါအသင်းပြိုင်ပွဲဝင်မားကွက်ဇ်သည် အဆိုပါပြိုင်ပွဲတွင် ၄၄ မိနစ်၊ ၁၆ စက္ကန့်နှင့်အတူ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မားကွက်ဇ်၏နောက်တွင် ဟွန်ဒါအသင်းသား စပိန်လူမျိုးပင်ဖြစ်သည့် ပက်ဒရိုဆာက ၄၄ မိနစ်၊ ၂၈ စက္ကန့်ဖြင့် ဒုတိယဆု ရရှိခဲ့သည်။ ယာမဟာအသင်းမှစပိန်လူမျိုးဗီနာလက်စ်က တတိယ၊ ယာမဟာအသင်းမှအီတလီလူမျိုးဗလင်တီနိုရော့စီက စတုတ္ထနေရာများ ရယူနိုင်ခဲ့သည်။ ချန်ပီယံရှစ်အမှတ်ပေးရပ်တည်မှုတွင် မားကွက်ဇ်က ၁၅၄ မှတ်နှင့်အတူ ဗီနာလက်စ်ထက် ၁၄ မှတ် အသာရနေသည်။

## ရှုပါဖယ်သာဝိတ်တန်းချန်ပီယံအဖြစ်လိုမာချန်ကိုဆက်ရှိနေ

ဒဗလျူဘီအိုစူပါဖယ်သာဝိတ်တန်းချန်ပီယံလုပွဲအဖြစ် ယူကရိန်းမှလိုမာချန်ကိုနှင့်စိန်ခေါ်သူမီဂွယ်မာရီယာဂါတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ လိုမာချန်ကို အနိုင်ရကာ သူ၏လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်ဟု သိရသည်။ အိုလံပစ်ရွှေတံဆိပ်ဆုကို ၂ ကြိမ်တိုင်တိုင်ဆွတ်ခူးရရှိခဲ့ဖူးသော လိုမာချန်ကိုသည် ပွဲစကတည်းက ကိုလံဘီယာသားမာရီယာဂါကို ဖိအားပေးထိုးသတ်သွားနိုင်ခဲ့ပြီး ၇ ချီမြောက်တွင် အလဲထိုးအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ လိုမာချန်ကိုသည် ၁၀ ကြိမ်မြောက်ပရော်ဖက်ရှင်နယ်ပွဲထိုးသတ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိမျိုးဆက်အပျော်တမ်းလက်ဝှေ့သမားများထဲ၌ အထူးချွန်ဆုံးဟုသတ်မှတ်ခံခဲ့ရသည်။

# ဂျိမ်းရိုဒရီဂွက်ဇ်တို့ရဲ့ ၆ နှစ်ကြာ အိမ်ငယ်လေး ပြိုလဲရခြင်းနောက်ကွယ်

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားသစ် ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ဇနီးသည် ဒန်နီရယ်လာအော့စ်ပီနာတို့ရဲ့ ၆ နှစ်တာ တည်ဆောက်ခဲ့တဲ့အိမ်ထောင်ရေး ပြိုကွဲသွားရခြင်းရဲ့ အကြောင်းရင်းကို စပိန်နိုင်ငံထုတ် မာကာသတင်းစာက



ဖွင့်ချခဲ့ပါတယ်။ ဂျိမ်းနဲ့ ဒန်နီရယ်လာတို့ဟာ လွန်ခဲ့တဲ့ ၆ နှစ်ကျော်မှာ ဘဝတစ်ခုကို အတူတည်ဆောက်ခဲ့ကြတာဖြစ်ပြီး ဆာလိုမီလို့ခေါ်တဲ့ ၄ နှစ်အရွယ် ချစ်စဖွယ်သမီးလေးတစ်ယောက် ပိုင်ဆိုင်ထားပါတယ်။ အခုတော့ သူတို့နှစ်ယောက် တရားဝင်ကွာရှင်းပြတ်စဲကြခြင်းနဲ့အတူ လှပတဲ့အိမ်လေးတစ်လုံး ပြိုလဲသွားခဲ့ပါပြီ။ ဂျိမ်းနဲ့ ဒန်နီရယ်လာတို့ဟာ လမ်းခွဲဖို့ဆုံးဖြတ်ခဲ့ကြတာ အချိန်ကြာမြင့်နေပြီဖြစ်ပြီး ရီးရဲလ်ကနေ ဘိုင်ယန်ကိုပြောင်းရွှေ့တဲ့ ဂျိမ်းရဲ့အနာဂတ် ရှင်းလင်းသွားတော့မှသာ ကွာရှင်းပြတ်စဲပြီလို့ တရားဝင်ထုတ်ဖော်ခဲ့ကြတာပါ။ ဂျိမ်းဟာ ဒန်နီရယ်လာနဲ့ ပေါင်းသင်းနေစဉ်အတွင်းမှာတင် အချစ်သစ်ရထားခဲ့တယ်လို့ မာကာသတင်းစာက ရေးသားပါတယ်။ သူကတော့ ရုရှားစူပါမော်ဒယ် ဟယ်ဂါလပ်ကေတီပါပဲ။ အသက် ၂၅နှစ်အရွယ်ရှိနေပြီး တင်းရင်းတဲ့အလှတရားတွေကိုပိုင်ဆိုင်ထားတဲ့ ဟယ်ဂါဟာ ဂျိမ်းနဲ့ ဒန်နီရယ်လာတို့ရဲ့ အိမ်ထောင်ပြိုကွဲရခြင်းရဲ့ အဓိကတရားခံလို့ မာကာက ရေးသားခဲ့တယ်။ ဟယ်ဂါက ရီးရဲလ်ကစားသမားတွေထဲမှာ ဂျိမ်းကို အနှစ်သက်ဆုံးလို့ ဖွင့်ဟပြောဆိုခဲ့ဖူးသလို ဂျိမ်းကလည်း မက်ဒရစ်ကို ခေါ်ပြီး နှစ်ကိုယ်တူ လျှို့ဝှက်ဇာတ်လမ်းတွေခင်းခဲ့ဖူးတယ်ဆိုပဲ။ ဂျိမ်းနဲ့ ဒန်နီရယ်လာတို့က သူတို့ ဘာကြောင့် ကွာရှင်းခဲ့ကြတာလဲ ဆိုတာကို ထုတ်ဖော်ရှင်းလင်းခဲ့ခြင်းမရှိပါဘူး။



ခွန်ဆောက်
စုစည်းတင်ပြသည်

## အင်္ဂလန်မှာ ဘဝသစ်စတင်ရတော့မယ့် ဘာနာဒိုဆေးလ်ဗား

မန်စီးတီးက ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမားသစ် ဘာနာဒိုဆေးလ်ဗားဟာ ချစ်သူနဲ့အတူ မန်ချက်စတာကိုပြောင်းရွှေ့လာခဲ့ပါပြီ။ မန်စီးတီးအသင်းသားတွေက အမေရိကန်မှာ နိုင်ငံတကာ ချန်ပီယံဖလားပွဲတွေ ဆင်နွှဲနေချိန်ဘာနာဒိုဆေးလ်ဗားကတော့ စပိန်က အိုင်ဘီဇာကမ်းခြေကို သွားရောက်အပန်းဖြေနေခဲ့ပါတယ်။ ပေါ်တူဂီအသင်းနဲ့အတူ ကွန်ဖက်ဒရေးရှင်းဖလားမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ဘာနာဒိုကို မန်စီးတီးအသင်းက အခွင့်အရေးပေးထားတာပါ။ အခုတော့ အပန်းဖြေခရီး ပြီးဆုံးသွားတဲ့ ဘာနာဒိုဟာ ချစ်သူအယ်လီစီယာဗာရန်ဒိုနဲ့အတူ မန်ချက်စတာလေဆိပ်ကို ရောက်ရှိလာတာပါ။ မိုနာကိုကနေ ပေါင် ၄၃ သန်းနဲ့ ရောက်ရှိလာတဲ့ ဘာနာဒိုဆေးလ်ဗားဟာ ပရီးမီးယားလိဂ်မှာ ခြေစွမ်းပြနိုင်ဖို့ကြိုးစားရတော့မှာပါ။ လောလောဆယ်မှာတော့ ပေါ်တူဂီ၊ ပြင်သစ်တို့နဲ့ရာသီဥတုကွာခြားတဲ့ အင်္ဂလန်မြေမှာ အထိုင်ကျဖို့ပဲ ရုန်းကန်ရဦးမှာပါ။ ■





## မင်္ဂလာပွဲပြီးလို့ တစ်လကျော်အကြာမှာ ကလေးအဖေဖြစ်တော့မယ့် ဖီးလ်ဂျုံး



မန်ယူနောက်ခံလူ ဖီးလ်ဂျုံးဟာ လက်ထပ်မင်္ဂလာပွဲဆင်နွှဲခဲ့တာ တစ်လကျော်ပဲ ရှိပါသေးတယ်။ အခုတော့ သူ့ရဲ့ဇနီးသည် ကာယာဟောမှာ ကိုယ်ဝန်လွယ်ထားရပြီး သူတို့ရဲ့ဘဝထဲကို ရင်သွေးငယ်လေးတစ်ဦး ရောက်လာတော့မှာပါ။ ဖီးလ်ဂျုံးနဲ့ ကာယာဟောတို့ဟာ လွန်ခဲ့တဲ့ ၅ နှစ်၊ ဖီးလ်ဂျုံးက ဘလက်ဘန်းမှာ ကစားနေစဉ်၊ ကာယာဟောက ကောလိပ်ကျောင်းသူဘဝမှာတင် ချစ်ကြိုက်ခဲ့ကြတာပါ။ သူတို့ဟာ ၅ နှစ်တာ ချစ်ကြိုးသွယ်ခဲ့ကြပြီးနောက် ဒီနွေရာသီ ဇွန်လလယ်မှာ လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။ အခုတော့ ကာယာဟောမှာ ၃ လအရွယ် ရင်သွေးငယ်လေးကို လွယ်ထားရပြီး သူတို့ဇနီးမောင်နှံကလည်း ပထမဆုံး ရင်သွေးလေးအတွက် အရမ်းကိုပျော်ရွှင်နေကြတယ်လို့ The Sun သတင်းစာကရေးသားခဲ့ပါတယ်။

## မန်ချက်စတာရောက် မာတစ်ရဲ့ ရိုးရှင်းတဲ့ မွေးနေ့ပွဲ



ဆားဘီးယားကွင်းလယ်လူ မာတစ်ဟာ ချဲလ်ဆီးကနေ မန်ယူကိုပြောင်းရွှေ့ပြီး နောက်တစ်နေ့မှာပဲ အသက် ၂၉ နှစ်ပြည့်သွားခဲ့ပါတယ်။ နေရာသစ်ကို ပြောင်းရွှေ့လာရတဲ့ မာတစ်ဟာ မွေးနေ့ပွဲကို ကြီးကြီးကျယ်ကျယ် မလုပ်ခဲ့ဘဲ မိသားစုနဲ့အတူ ချက်ရှိုင်းယားမှာ လျှောက်လည်ပတ်ပြီး စားသောက်ခဲ့တာပဲ ရှိပါတယ်။ မာတစ်နဲ့ ဇနီးသည် အလက်ဆန်ဒရာ၊ သားငယ်တို့ဟာ ချက်ရှိုင်းယားအရပ်က လမ်းမတွေထက်မှာ လွတ်လပ်ပေါ့ပါးစွာပဲ ရှိနေခဲ့ပါတယ်။ ထူးခြားတာကတော့ မာတစ်ရဲ့သားဖြစ်သူဟာ ချက်ချင်းပဲ မန်ယူပရိသတ်ဖြစ်လာပြီး မန်ယူအသင်းရဲ့အပြာရောင်ဂျာစီကို ဝတ်ဆင်ထားတာပါပဲ။ မာတစ်တို့ မိသားစုဟာ လန်ဒန်ကနေ မန်ချက်စတာကို ပြောင်းရွှေ့လာပြီး မန်ချက်စတာမှာ နေထိုင်ဖို့ အိမ်တစ်လုံး ရှာဖွေနေခဲ့ပါတယ်။

## ရန်သူကို ဘယ်တော့မှလက်နက်ချ အညံ့မခံနဲ့




နာမည်ကျော် ဖိလစ်ပိုင်လက်ဝှေ့ချန်ပီယံ ပက်ကွီယိုတစ်ယောက် နိုင်ငံတောင်ပိုင်းက ရေနာအိုစခန်းကို အလည်အပတ်ခရီး သွားရောက်ခဲ့ပြီး ဖိလစ်ပိုင်စစ်သည်တော်တွေကို တွေ့ဆုံအားပေးခဲ့ပါတယ်။ မနီလာတောင်ပိုင်း ကီလိုမီတာ ၈၀၀ ကျော်လောက် ဝေးတဲ့အရပ်မှာ အခြေစိုက်ထားတဲ့ ရေနာအိုစခန်းက စစ်သည်တွေဟာ မာရာဝီကအကြမ်းဖက်သမားတွေကို တိုက်ခိုက်ချေမှုန်းနေတာပါ။ သူက စစ်သည်တွေနဲ့ ဆုံတွေ့ခဲ့ပြီး "ရန်သူကို ဘယ်တော့မှ လက်နက်ချအရှုံးမပေးဖို့အရေးကြီးတယ်။ ဒါက လက်ဝှေ့သမားတိုင်းအတွက်လည်း ဘဝလမ်းညွှန်တစ်ခုပါပဲ"လို့ စိတ်ဓာတ်မြှင့်တင်ပေးခဲ့ပါတယ်။ လိုအပ်ရင် စစ်ထဲဝင်ပြီး အကြမ်းဖက်သမားတွေကို တိုက်ခိုက်ဖို့လည်း အဆင်သင့်ပဲလို့ ပက်ကွီယိုက ဆိုခဲ့ပါတယ်။